# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 16 August 2022 ၁၀၅၂၉


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲတွင် မြန်မာ့တပ်မတော် ဝင်ရောက်ယှဉ်ပြိုင်၊ နိုင်ငံပေါင်း ၂၀ ယှဉ်ပြိုင်ရာတွင် အဆင့် (၈)နေရာရရှိ

**နေပြည်တော် ဩဂုတ် ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ၂၀၂၂ ခုနှစ် ဩဂုတ် ၄ ရက်မှ ၁၂ ရက်အထိ ကျင်းပပြုလုပ်သည့် တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ(3rd CISM World Cadet Games)တွင် မြန်မာ့တပ်မတော် ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ဗိုလ်လောင်းများသည် ပြိုင်ပွဲတွင် အားကစားအမျိုးအစား ခုနစ်မျိုးရှိသည့်အနက် သုံးမျိုးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရိုင်ဖယ်သေနတ်ပစ်တစ်ဦးချင်း အမြန်ပစ်ခတ်ခြင်း ပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆု၊ ရိုင်ဖယ်သေနတ်ပစ် အသင်းလိုက် အမြန်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် တတိယအကြိမ်မြောက် နိုင်ငံတကာ ဗိုလ်လောင်းများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော်ကိုယ်စားပြု ဗိုလ်လောင်းများကို တွေ့ရစဉ်။


**ယနေ့ ဖတ်စရာ**

**အာဆီယံ အခြေခံမူများနှင့်အညီ . . .**
ဆောင်းပါး စာမျက်နှာ » ၆

**အလုပ်လုပ်အောင် စေ့ဆော်ရန် နည်းလမ်းကောင်းတစ်ခု**
စာမျက်နှာ » ၁၉



**မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလမ်းမပေါ်မှ သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော် ကားလမ်းအဆင့်မြှင့်တင်**
ဆောင်းပါး စာမျက်နှာ » ၁၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV HD)၊ MRTV News Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ Star FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ ချယ်ရီ FM နှင့် FM ပုဂံတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

# မျိုးရိုးဗီဇပြောင်းရောဂါပိုးကိုကာကွယ်

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု မြင့်မားနေဆဲဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေဆဲ။ ဆက်လက်ဖြစ်နေဦးမည်ဖြစ်သည်။ သို့သော် ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှု ကြီးကြီးမားမားမရှိကြသည်ကို တွေ့ရသည်။ ယမန်နှစ်က ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ တတိယလှိုင်းကဲ့သို့ လူအသေအပျောက်မရှိသလောက်ဖြစ်၍ စိုးရိမ်ပူပန်မှုနည်းရသည်ဟု ထင်မြင်ပါသည်။ ရောဂါကင်းစင်ကျန်းမာခြင်းသည် အကောင်းဆုံးဖြစ်၍ ရောဂါကူးစက်မှုမရှိအောင် သတိမူနေထိုင်ကြရမည်ဖြစ်သည်။

လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါသည် မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါမျိုးကွဲဖြစ်သည်။ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစ၍ ၎င်းရောဂါပိုးကို ဆေးပညာရှင်များက အယ်လ်ဖာ၊ ဘီတာ၊ ဂမ်မာ၊ ဒယ်လ်တာနှင့် အိုမီခရွန်ဟု အမည်သတ်မှတ်ခဲ့သည်။ ၎င်းရောဂါပိုး ငါးမျိုးစလုံးတွင် ထူးခြားသည့် အစွမ်းသတ္တိအသီးသီးရှိပြီး နောက်ဆုံးပေါ်ထွက်လာသော အိုမီခရွန်မျိုးကွဲသည် ရှေ့တွင်ဖြစ်ပေါ်ခဲ့သည့် မျိုးဗီဇများထက် ကူးစက်မှုပိုမိုလျင်မြန်သည့်အပြင် ၎င်းမျိုးကွဲမှ ပုံတူပုံပွားမျိုးကွဲအမျိုးမျိုးပေါ်ထွက်နေခြင်းဖြစ်သည်။ ရောဂါကူးစက်ခံရပါက အသက်သေဆုံးနိုင်ခြေနည်းသော်လည်း နေမကောင်းမကျန်းမာ လူမမာသဖွယ် ခံစားနိုင်သဖြင့် သတိပြုရမည်ဖြစ်သည်။

အိုမီခရွန်၏ ရောဂါဇာစ်မြစ်ကို ဆေးပညာရှင်များ လေ့လာတွေ့ရှိချက်အရ လက်ရှိအိုမီခရွန်သည် အသက်ရှူလမ်းကြောင်းအပေါ်ပိုင်းအား အဓိကတိုက်ခြင်းဖြစ်ပြီး စတင်ဖြစ်သည့်အခါ ခေါင်းမူးခြင်း၊ နွမ်းနယ်ခြင်းတို့ဖြစ်ပေါ်သည်။ အခြားလက္ခဏာများမှာ ဖျားခြင်း၊ အလွန်အကျွံပင်ပန်းနွမ်းနယ်ခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနာကျင်ခြင်းနှင့် နှလုံးခုန်နှုန်းများနေခြင်းတို့ ဖြစ်တတ်ပါသည်။ အဆုတ်ကို ထိခိုက်မှုနည်းသောကြောင့် ယခင်ကကဲ့သို့ အသက်ရှူရခက်ခြင်း၊ အနံ့ပျောက်ခြင်းတို့ မဖြစ်ပေါ်ပါ။ တတိယလှိုင်းတွင် ဖြစ်ပွားခဲ့သည့် ဒယ်လ်တာမျိုးကွဲမှာ အသက်ရှူလမ်းကြောင်း အောက်ပိုင်းအဆုတ်ကို အဓိကတိုက်ခိုက်သောကြောင့် ရောဂါပြင်းထန်ပြီး လူနာအများစုတွင် အောက်ဆီဂျင်ကျသဖြင့် အသက်သေဆုံးမှု များခဲ့ရခြင်းဖြစ်သည်။

အိုမီခရွန်ဗီဇမျိုးကွဲများ ကူးစက်ခံရပါက အသက်သေဆုံးနိုင်ခြေမရှိသော်လည်း မျိုးကွဲမျိုးစိတ်အမျိုးမျိုးဖြင့် ပြည်သူများ၏ ကျန်းမာရေးထိခိုက်အောင် ဆောင်ရွက်လာနိုင်မှုကို သတိပြုရမည်ဖြစ်သည်။ ဆေးပညာရှင်များက အိုမီခရွန်ရောဂါ မျိုးကွဲသစ်များကို မပြတ်စောင့်ကြည့်စစ်ဆေးလျက်ရှိပြီး ပြင်းထန်သောလက္ခဏာရှိသည့် မျိုးစိတ်သစ်တွေ့ရှိပါက အလျင်အမြန်တုံ့ပြန်နိုင်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ယခုလ ၁ ရက်နေ့မှစတင်၍ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာ ၃၂ ခုအား အဆင့်ဆင့်စစ်ဆေးခဲ့ရာ ပြည်ပမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာသူများမှ အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.2.75 တွေ့သူနှစ်ဦး၊ BA.4 တွေ့သူတစ်ဦး၊ BA.5 တွေ့သူ ၂၂ ဦး စုစုပေါင်း ၂၅ ဦးတွင် ရောဂါပိုးသစ်များတွေ့ရှိခဲ့သည်။ ကျန် BA.2.76 တွေ့ရှိသူ တစ်ဦးနှင့် BA.5 တွေ့ရှိသူ ခြောက်ဦး စုစုပေါင်း ခုနစ်ဦးမှာ ပြည်တွင်း၌ ကူးစက်ခံထားရခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ ကျန်းမာရေးဆိုင်ရာပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အိုမီခရွန်မျိုးရိုးဗီဇပြောင်း ရောဂါပိုးများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးသူများတွင် ရောဂါလက္ခဏာ ပြင်းထန်မှုနှင့် သေဆုံးမှု လျော့နည်းကြောင်း သိရှိရသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာသည်ကိုတွေ့ရသဖြင့် ရောဂါကာကွယ်ရေးနည်းလမ်းများနှင့် ကာကွယ်ဆေးထိုးခြင်းတို့ကို မဖြစ်မနေဆောင်ရွက်ကြရန် လိုအပ်ပေသည်။ ရောဂါကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လပြည့်ပြီးသူများတွင် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးခြင်း၊ ထပ်ဆောင်းထိုးနှံပြီး ခြောက်လပြည့်လျှင်လည်း ထပ်မံ၍အပိုဆောင်း ထိုးနှံခြင်းများကို စနစ်တကျဆောင်ရွက်ကြရန်လိုအပ်ပေသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါမျိုးရိုးဗီဇပြောင်း ရောဂါပိုးစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ လူမှုဘဝနယ်ပယ်တွင် ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်၍ ကျန်းမာစွာနေထိုင်လုပ်ကိုင်နိုင်ရန်အတွက် ရောဂါမဖြစ်ပွားရေး၊ ရောဂါကူးစက်မှုမရှိရေးကို အထူးသတိပြုလိုက်နာ လုပ်ဆောင်ကြရမည်ဖြစ်သည်။ လူစုလူဝေးများပြားရာနေရာဒေသများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာစေရေးအတွက် အသိပညာပေးခြင်း၊ ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရန်နှင့် ပြည်သူများကလည်း လိုက်နာဆောင်ရွက်ကြပြီး လူအများစုဝေးရာတွင် မဖြစ်မနေလုပ်ကိုင်ကြမည့်သူများအနေဖြင့် အပိုဆောင်းကာကွယ်ဆေးကို မပျက်မကွက်ထိုးနှံကြရန်လိုမည်ဖြစ်ပါကြောင်း။ ။




## ကျွန်းစုမြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ ဆန်နှင့် အခြေခံစားကုန်များ ဖြန့်ဖြူးရောင်းချ

ကျွန်းစု ဩဂုတ် ၁၅

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ စားသုံးသူအသင်းသားပြည်သူများ သက်သာသောဈေးနှုန်းဖြင့် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဆန်နှင့်အခြေခံစားကုန်များကို ဧပြီလမှစတင်၍ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထိုသို့ ဖြန့်ဖြူးရောင်းချရာတွင် ကျွန်းစုမြို့ပေါ်ရှိ ဒေသခံပြည်သူများနှင့် အခြေခံသမဝါယမအသင်းများရှိ အသင်းသားပြည်သူများသို့ ပေါ်ဆန်းမွှေးဆန် ၁၀ ပြည်/ ငါးပြည်အိတ် ၂၈၀ တန်ဖိုးငွေကျပ် ၄၈ ဒသမ ၈၈ သိန်း၊ ယိုးဒယားပဲလုံးဆီ ၅၀ သားဘူး ၁၈၀ တန်ဖိုးငွေကျပ် ၈ ဒသမ ၆၄ သိန်း စုစုပေါင်း ငွေကျပ် ၅၇ ဒသမ ၅၂ သိန်းအား လဆိုင်းစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅- ၈ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၀၀၀ | ၇,၀၀၀ | ၇၂၂ | ၅,၀၃၃,၁၀၀ |
| MTSH | ၂,၄၅၀ | ၂,၄၅၀ | ၈၆၈ | ၂,၁၁၁,၆၀၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၅၉ | ၄၀၇,၁၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁,၂၇၃ | ၂၂,၉၁၄,၀၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၀ | ၀ |
| EFR | ၂,၃၀၀ | ၂,၃၀၀ | ၅၀ | ၁၁၅,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၁၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၃၉.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၁၀.၁၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၁၂၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၀.၉၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၃၇၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၇၅.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၂၅.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၇၄.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၀.၂၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ကိန်းဂဏန်းနှင့်အချက်အလက်များ မှန်ကန်မှုရှိမှသာ နိုင်ငံတော်အစိုးရ၏ လုပ်ငန်းအောင်မြင်မှုအတွက် များစွာအထောက်အကူပြုမည်



**နေပြည်တော် ဩဂုတ် ၁၅**

အလုပ်သမားဝန်ကြီးဌာန အရာထမ်းများ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရုံးအမှတ်(၅၁) အလုပ်သမားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ ထုတ်ပြန်ထားသော စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။

**ပါတီနိုင်ငံရေးကင်းရှင်းရန်လို**

သင်တန်းဖွင့်ပွဲတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်နေချိန်တွင် ပါတီနိုင်ငံရေး ကင်းရှင်းရန်လိုကြောင်း၊ အဆင့်ဆင့်သော အစိုးရဝန်ထမ်းများ ပြည်သူ့ဆက်ဆံရေး ကောင်းမွန်ရန်အတွက် ကြပ်မတ်ဆောင်ရွက်ပေးရန် လိုကြောင်း၊ လုပ်ငန်းများ အောင်မြင်မှုရရှိရေး မိမိလက်အောက်မှ လိုက်ပါပူးပေါင်း ဆောင်ရွက်နိုင်ရန် ကောင်းမွန်သည့် ခေါင်းဆောင်မှုပေးနိုင်ရန် လိုသကဲ့သို့ မိမိကိုယ်တိုင် လုပ်ငန်းကျွမ်းကျင်၍ လက်အောက်သို့ သွန်သင်ပြသရန် လိုအပ်ကြောင်း၊ ကိန်းဂဏန်းနှင့်အချက်အလက်များ မှန်ကန်မှုရှိမှသာ နိုင်ငံတော်အစိုးရ၏ လုပ်ငန်းအောင်မြင်မှုအတွက် များစွာ အထောက်အကူ ပြုမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများကို နိုင်ငံအနှံ့အပြား၌ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်း များပြားလာမည်ဆိုပါက ပြည်ပသို့သွားရောက် လုပ်ကိုင်မှုများ နည်းပါးသွားမည်ဖြစ်ပြီး နိုင်ငံအတွက် လုပ်အားဆုံးရှုံးမှုများ နည်းပါးသွားမည်ဖြစ်ကြောင်း။

သင်တန်းမှ ပို့ချပေးလိုက်သည့် အလုပ်သမားရေးရာ ဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများ၊ ကျင့်ဝတ်၊ စံတန်ဖိုးနှင့် ရုံးလုပ်ငန်းလက်စွဲစာစောင်များ၊ ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား သိရှိအောင်လေ့လာသင်ယူပြီး မိမိတို့တစ်ဦးချင်း စွမ်းဆောင်ရည်များ တိုးတက်စေရေးအတွက် အမြဲလေ့လာဆည်းပူးနေရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း စွမ်းဆောင်ရည် ကောင်းမွန်မှသာလျှင် ဌာနအလိုက် စွမ်းဆောင်ရည်များလည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

စွမ်းဆောင်ရည် မြင့်မားသည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရေးအတွက် လိုအပ်သည့်ဘာသာရပ်ကျွမ်းကျင်မှုများကို တာဝန်သိမှု၊ တာဝန်ယူမှု၊ လေ့လာဆည်းပူးမှုတို့ဖြင့် အစဉ်ကြိုးစားသင်ယူကြရန် လိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို အရာထမ်း ၇၇ ဦး တက်ရောက်လျက်ရှိပြီး ဩဂုတ် ၁၅ ရက်မှ ၁၉ ရက်အထိ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထုတ်ပြန်ထားရှိသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပသည့် တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲတွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ဗိုလ်လောင်းတစ်ဦးကို တွေ့ရစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေက ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပသည့် တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အောင်ပွဲရ ပြိုင်ပွဲဝင် ဗိုလ်လောင်းများအား ဂုဏ်ပြုကြိုဆိုစဉ်။

☆ ရှေ့ဖုံးမှ

ဒုတိယငွေတံဆိပ်ဆု၊ ပစ္စတိုသေနတ်ပစ် တိကျပစ်ခတ်ခြင်း အသင်းလိုက်ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုနှင့် ပစ္စတိုသေနတ်ပစ် အသင်းလိုက် အမြန်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆု အသီးသီးရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၀ ရှိသည့်အနက်တွင် နိုင်ငံအလိုက် အဆင့် (၈) နေရာ ရရှိခဲ့သည်။

အဆိုပါ တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ (3rd CISM World Cadet Games)တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ဗိုလ်လောင်းများနှင့် အုပ်ချုပ်သူနည်းပြအရာရှိများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# မိုးနဲမြို့နယ်၌ အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်

**မိုးနဲ ဩဂုတ် ၁၅**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၁၆ နှစ်အောက် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီက ပေါ့မိုင်းရပ်ကွက်ရှိ မြို့နယ်ပြည်သူ့အားကစားကွင်းတွင် ကျင်းပသည်။

**ရည်ရွယ်ကျင်းပ**

ရှေးဦးစွာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြိုင်ပွဲကို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုအဆင့်အတန်း မြင့်မားလာစေရန်၊ အားကစားလှုပ်ရှားမှုများ ပြုလုပ်ခြင်းဖြင့် စုပေါင်းလှုပ်ရှားတတ်သော အလေ့အကျင့်ကောင်းများရရှိလာပြီး မြို့နယ်အဆင့် လက်ရွေးစင် အားကစားသမားများမှ တစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ဘောလုံးအားကစားသမားကောင်းများ ထွက်ပေါ်လာစေရန် ရည်ရွယ်ကျင်းပရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များက သရုပ်ဖော်ကကွက်များနှင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားအသင်း ကိုးသင်းမှ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။



ထို့နောက် ဘောလုံးပြိုင်ပွဲကို မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က ကွင်းအတွင်း ဘောလုံးကန်သွင်း၍ ပြိုင်ပွဲကို စတင်ပေးခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

# တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှုများ၊ အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု၊ ဘာသာရေး၊ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတို့ကို ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် ယနေ့နံနက် ၁၁ နာရီတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းကျော်မြင့်၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ခင်မေနှင့် တာဝန်ရှိသူများကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ဝိုင်းဝန်းကူညီဆောင်ရွက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားများတွင် ကိုးကွယ်မှုဘာသာပေါင်းစုံရှိရာ ဘာသာရေးဆိုင်ရာပွဲတော်များကိုလည်း အလေးထား ဆောင်ရွက်ပေးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှုများ၊ အခွင့်အရေးကာကွယ်စောင့်ရှောက်မှု၊ ဘာသာရေး၊ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘာသာပေါင်းစုံ



ချစ်ကြည်ညီညွတ်ရေးအဖွဲ့အနေဖြင့် နိုင်ငံတော် ငြိမ်းချမ်းသာယာရေးအတွက် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့သည် အဓိကအားဖြင့် အမျိုးသားရေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့များကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရှစ်နေရာ တိုးချဲ့ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိတို့သည် မြန်မာနိုင်ငံ ငြိမ်းချမ်းသာယာရေးအတွက် ဘာသာရေးမခွဲခြားဘဲ ဆုတောင်းမေတ္တာပို့သပေးလျက်ရှိပါကြောင်း၊ မိမိတို့အဖွဲ့အစည်းအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ KN95 အမျိုးအစား နှာခေါင်းစည်း ၇၄၀၀ ကို ပြည်ထောင်စုဝန်ကြီးထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခြောက်လတာလုပ်ငန်းဆောင်ရွက်မှုအပေါ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပုသိမ် ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ဇူလိုင်လအထိ ခြောက်လတာ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။



**ဆွေးနွေးတင်ပြရန်လို**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က "ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသည့် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် ခရိုင်အုပ်ချုပ်ရေးအဖွဲ့များက ခြောက်လတာကာလအတွင်း လုပ်ဆောင်ခဲ့မှုများအပြင် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုပါ ဆွေးနွေးတင်ပြရန်လိုပါကြောင်း၊ မိမိတို့တိုင်းဒေသကြီးသည် ကျောင်းအပ်နှံမှု၊ ကျောင်းတက်ရောက်မှု အများဆုံးနှင့် တက္ကသိုလ်စာမေးပွဲတွင် တစ်နိုင်ငံလုံး အောင်ချက်အကောင်းဆုံး ဒုတိယနှင့် ဂုဏ်ထူးရရှိသူများ များစွာပေါ်ထွက်ခဲ့ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ၂၀၂၃ ပညာသင်နှစ်မှစ၍ ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်၍ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်နေပါကြောင်း၊ ကျောင်းသားများအားလုံး ကျောင်းတက်ပျက်ကွက်မှုမရှိစေရန်နှင့် အမှန်တကယ် ပညာတတ်မြောက်စေရေး ဆရာ ဆရာမများ၊ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြရန်လိုပါကြောင်း၊ e-ID စနစ်ဖြင့် လူဦးရေစာရင်းများဖြည့်သွင်းခြင်း၊ အခြေခံလူဦးရေစာရင်းများကောက်ယူခြင်း၊ တိုက်ဆိုင်စစ်ဆေးခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း လုပ်ငန်းများကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရန်လိုပါကြောင်း၊ တိုင်းဒေသကြီးအတွင်း စားရေရိက္ခာ ဖူလုံစေရေး၊ စားသုံးဆီဖူလုံရေး ပန်းတိုင်အထွက်နှုန်းများ ထွက်ရှိစေရေး၊ မျိုးကောင်းမျိုးသန့်များ အသုံးပြုစေရေး၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ရန်လိုပါကြောင်း၊ လျှပ်စစ်ထုတ်လုပ်သုံးစွဲနိုင်ရေးနှင့် ပတ်သက်၍ ဆိုလာစနစ်၊ ရေအားလျှပ်စစ်စနစ်၊ စပါးခွံလောင်စာသုံး စနစ်များဖြင့် နည်းလမ်းများရှာဖွေ၍ သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် လျှပ်စစ်သုံးစွဲမှုကိုလည်း စနစ်တကျ ချွေတာသုံးစွဲကြရန်လိုပါကြောင်း၊ အားကစားကဏ္ဍနှင့်ပတ်သက်၍ ပြည်နယ်၊ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိနိုင်ရေး အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် မြို့နယ်များရှိ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးပြီး အားကစားနည်းအလိုက် အောင်မြင်မှုများ ရရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ ပြည်ပဝင်ငွေရရှိရန်နှင့် ပြည်ပပို့ကုန်များ ပိုမိုထုတ်လုပ်နိုင်ရန် သက်ဆိုင်ရာ ကဏ္ဍအလိုက် တိုးမြှင့်ထုတ်လုပ်ကြရန် မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ဌာနဆိုင်ရာအသီးသီးမှ ခြောက်လတာကာလ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■

# ဆရာ ဆရာမများ သင်ကြားရေးတာဝန်များကို အောင်မြင်စွာ သင်ကြားပို့ချနိုင်ရေး အထူးအလေးထား ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်(သန်လျင်)သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်က အကြီးအကဲများ လမ်းညွှန်ထားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများနှင့် ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်မှု၊ စာမေးပွဲဖြေဆိုပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့် ကိစ္စရပ်များကို တာဝန်ရှိသူအဆင့်ဆင့်မှ အနီးကပ်ကြီးကြပ်သွားရန်၊ ဆရာ ဆရာမများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် သင်ကြားရေးတာဝန်များကို အောင်မြင်စွာ သင်ကြားပို့ချနိုင်ရေး အထူးအလေးထားဆောင်ရွက်သွားကြရန်၊ လုံခြုံရေးနှင့် ကျန်းမာရေးကိစ္စရပ်များကိုလည်း အစဉ်အမြဲသတိပြုနေထိုင်သွားကြရန် မှာကြားခဲ့ပြီး ဆရာ ဆရာမများနှင့် ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တက္ကသိုလ်ဝင်းအတွင်းရှိ စာကြည့်တိုက်အသစ် ပြောင်းရွှေ့ထားမှု၊ Motivation Room ဆောင်ရွက်နေမှု၊ ပထမနှစ်ကျောင်းသားများအား ရေကူးသင်ကြားပေးနေမှု၊ ကျောင်းသား ကျောင်းသူများအတွက် Fitness



Centre ပြင်ဆင်ထားရှိမှု၊ Laboratory အခန်းများ ပြင်ဆင်ထားမှု၊ အလုပ်ရုံနှင့် Towing Tank အဆောင်များတွင်လုပ်ငန်းဆောင်ရွက်နေမှု၊ ဘောလုံးကွင်း အကြီးစား တည်ဆောက်နေမှု၊ တက္ကသိုလ်ဝင်းအတွင်းရှိ ပလက်ဖောင်းခင်းကျင်းနေမှုနှင့် ကျောင်းသားကျောင်းသူများအတွက် အဆောင်တည်ဆောက်မည့်နေရာ အခြေအနေများကို စစ်ဆေးကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို မှာကြားသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့နှင့် မန္တလေးမြို့၌ ရုရှားဘာသာစကား (အခြေခံ) သင်တန်းဖွင့်ပွဲ ကျင်းပ

## ဝန်ကြီးဌာန၏ website နှင့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ စာစောင်များတွင် ရုရှားဘာသာဖြင့် ထုတ်ဝေခြင်း၊ လွှင့်တင်ခြင်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ ရွှေနန်းထိုက်ဟိုတယ်၌ ကျင်းပသော ရုရှားဘာသာစကားသင်တန်းဖွင့်ပွဲအခမ်းအနားနှင့် နိုင်ငံအဆင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အသိအမှတ်ပြု တံဆိပ်များ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်းကို အထူးအလေးထားကာ ပြင်ဦးလွင်မြို့အား ခရီးသွားမြို့တော် (Tourist City) အဖြစ် အကောင်အထည်ဖော်ရန် လမ်းညွှန်ထားရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာ- ရုရှား ခရီးသွားလုပ်ငန်းပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်လေ့ရှိသော နိုင်ငံတကာခရီးသွားပြပွဲများတွင်လည်း ပါဝင်ပြသရန်လိုအပ်ပါကြောင်း၊ အလားတူ အာဆီယံမူဘောင်တွင် ရုရှားနိုင်ငံနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများရှိပါကြောင်း၊ ထို့အပြင် ဝန်ကြီးဌာန၏ website နှင့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ စာစောင်များတွင်လည်း ရုရှားဘာသာဖြင့် ထုတ်ဝေခြင်း၊ လွှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုသင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ကြပြီး ခြောက်လကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံအဆင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အသိအမှတ်ပြုတံဆိပ်ရရှိသော ပြင်ဦးလွင်ရှိ ဟိုတယ် ၁၀ လုံးအား အသိအမှတ်ပြု တံဆိပ်များကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်ရှိ ဟိုတယ်များ၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ဟိုတယ် ၁၉ လုံးမှ ဝန်ထမ်း ၁၁၄ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ် (Booster Dose) ထပ်ဆောင်းထိုးနှံခြင်း အခမ်းအနားသို့တက်ရောက် အားပေးကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးနိုင်ငံခြား ဘာသာတက္ကသိုလ် အစည်းအဝေးခန်းမ၌ မန္တလေးမြို့ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များ၊ မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့နှင့် တွေ့ဆုံကာ တရုတ်ခရီးသွားဈေးကွက်ကိုမြှင့်တင်နိုင်ရေးအတွက် တရုတ်ခရီးသွားများအား ဖိတ်ခေါ်နိုင်ရေးနှင့် တရုတ်ဘာသာစကားသင်တန်းများ




ဖွင့်လှစ်သင်ကြားနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်၌ ကျင်းပပြုလုပ်သော ရုရှားဘာသာစကား (အခြေခံ)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ရုရှားဘာသာစကားသင်ကြားနေသော Language Lab သို့ သွားရောက်ကြည့်ရှုပြီး မန္တလေးမြို့ရှိ ဟိုတယ်များ၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ဟိုတယ်ဝန်ထမ်း ၂၀၈ ဦး ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ် ထပ်ဆောင်းထိုးနှံနေမှုကို လိုက်လံအားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များအပေါ် သက်ဆိုင်ရာ ဌာနဆိုင်ရာများက အလေးထားလိုက်နာဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်

**စစ်တွေ ဩဂုတ် ၁၅**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃/၂၀၂၂)ကို ယနေ့မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ နေပြည်တော်တွင် ပြုလုပ်သည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၃၁ ရက် အထိ ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့မှုအခြေအနေများ၊ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြား



ချက်များအပေါ် သက်ဆိုင်ရာ ဌာနဆိုင်ရာများက အလေးထားလိုက်နာ ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က ဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် ကဏ္ဍများအလိုက် ဆွေးနွေးပြောကြားကြပြီး ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးက (၂/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားကာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ညွှန်ကြားချက်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာများဖြစ်သည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့က မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တောင်ကြီးမြို့၌ စားသုံးဆီများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိ

**တောင်ကြီး ဩဂုတ် ၁၅**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ နေထိုင်ကြသော မိဘပြည်သူများ နေ့စဉ် မသုံးမဖြစ် အသုံးပြုနေရသည့် စားသုံးဆီများကို ဈေးနှုန်းချိုသာစွာ ဝယ်ယူသုံးစွဲနိုင်စေရေးအတွက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီကုန်သည်နှင့် ဆီစက် လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ တောင်ကြီးမြို့ရှိ ဈေးများတွင် စားသုံးဆီများကို ဈေးနှုန်းချိုသာစွာဖြင့် လိုက်လံရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရောင်းချပေးရာ၌ တောင်ကြီးမြို့ပေါ်ရှိ မြို့မဈေး၊ စဝ်စံထွန်းဈေး၊ ၂၁၂ ဈေး၊ အမှတ်(၅)ဈေးနှင့် ဘူတာဈေးများသို့ ဈေးဝယ် လာရောက်ကြသော မိဘပြည်သူများအား စားသုံးဆီတစ်ပိဿာလျှင် ငွေကျပ် ၄၁၀၀ ဖြင့် တစ်ဦးလျှင် တစ်ပိဿာ နှုန်း ရောင်းချပေးခဲ့ကြောင်းနှင့် ယနေ့အတွက် စားသုံးဆီ ပိဿာ ၃၃၀၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ညောင်လေးပင် ဩဂုတ် ၁၅**

# ညောင်လေးပင်မြို့နယ်၌ အသိပညာပေး ဟောပြော

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ယနေ့မွန်းလွဲ ၁ နာရီက A.B.M အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်းကာ အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နီနီဝင်းက ကျောင်းသား ကျောင်းသူများ အနေဖြင့် သိသင့်သိထိုက်သော ဗဟုသုတရဖွယ် အကြောင်းအရာများအားဟောပြောခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး



ဒေါ်ယဉ်ယဉ်ထွေးက စားသုံးသူအခွင့်အရေးနှင့် စားသုံးသူ၏ အဓိပ္ပာယ်များအား ရှင်းလင်းပြောကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပုံပြင်များပြောပြခြင်းနှင့် ကိုယ်လက်လှုပ်ရှားအားကစားများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခင်မောင်လွင်(ညောင်လေးပင်)**

# အာဆီယံအခြေခံမူများနှင့်အညီ ......

ဇင်ငြိမ်း

မြန်မာ့ပြည်တွင်းရေးနဲ့ပတ်သက်လို့ မလေးရှားနိုင်ငံခြားရေးဝန်ကြီးရဲ့ လတ်တလော ပြောကြားချက်တွေဟာ အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူတွေနဲ့ ကိုက်ညီရဲ့လား၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ပြောဆိုတာလဲ၊ ဖုံးကွယ်ထားတဲ့ရည်ရွယ်ချက်တွေက ဘာတွေလဲဆိုတာနဲ့ နောက်ဆက်တွဲဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေဟာ မြန်မာနိုင်ငံအတွက်သာမက ဘဲ အာဆီယံအဖွဲ့ကြီးနဲ့ အဖွဲ့ဝင်နိုင်ငံတွေအတွက်ပါ စဉ်းစားစရာဖြစ်နေပါတယ်။

အာဆီယံနိုင်ငံတွေအနေနဲ့ မြန်မာပြည်သူလူထုကို စိတ်ခါတ်ပိုင်းဆိုင်ရာ အကူအညီတွေပေးဖို့ အထူးလိုအပ်နေပြီး အာဏာထိန်း(သိမ်း)မှုနောက်ပိုင်း ဖွဲ့စည်းခဲ့တဲ့ အတိုက်အခံအုပ်စုတွေနဲ့ ထိတွေ့ဆက်ဆံဖို့လည်း လိုအပ်တယ်လို့ မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆိုင်ဖူဒင်အဗ္ဗဒူလာ ထိုင်းနိုင်ငံကို ရောက်တဲ့အချိန် ဩဂုတ်လ ၁၀ ရက်နေ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ဩဂုတ်လ ၃ ရက်ကနေ ၅ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့မှာကျင်းပတဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာလည်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးဟာ မြန်မာ့အရေးဖြေရှင်းရာမှာ NUG၊ NUCC အပါအဝင် ပိုမိုအဓိကကျတဲ့ ပါဝင်သင့်ပါဝင်ထိုက်သူအားလုံးနဲ့ အာဆီယံက ထိတွေ့မှုတွေကို အရှိန်တိုးမြှင့်ဆောင်ရွက်ဖို့နဲ့ အဲဒီလိုထိတွေ့ဆက်ဆံမှုတွေ ပြုလုပ်တာကိုလည်း လူသိရှင်ကြားထုတ်ဖော်ဖို့ တိုက်တွန်းပြောကြားခဲ့ပါသေးတယ်။ အာဆီယံဦးဆောင်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကူအညီပေးနိုင်ဖို့အတွက် တတိယနိုင်ငံတစ်နိုင်ငံ ပါဝင်ဆောင်ရွက်တာကို ယူကောင်းယူဖို့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေ ဆွေးနွေးခဲ့ကြတယ်လို့လည်း ဆိုင်ဖူဒင်အဗ္ဗဒူလာက ပြောခဲ့ပါတယ်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီးရဲ့ပြောဆိုချက်တွေကိုကြည့်ရင် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံရဲ့ သဘောထားထက် မလေးရှားနိုင်ငံရဲ့သဘောထားအဖြစ် တွေ့ရပါတယ်။ ထူးဆန်းစွာပဲ မလေးရှားနိုင်ငံရဲ့သဘောထားဟာ "အာဆီယံအနေနဲ့ NUG နဲ့ လက်တွဲပြီး အလုပ်လုပ်ဖို့လိုကြောင်း၊ NUG ဟာ မြန်မာပြည်သူတွေအပေါ် တရားဝင်ကိုယ်စားပြုထားကြသူတွေဖြစ်ကြောင်း၊ တရားဥပဒေနဲ့ ညီညွတ်တဲ့ ဒီဂျူရီအစိုးရအဖြစ်သာမက လက်တွေ့မြေပြင်အခြေအနေတွေမှာလည်း နယ်မြေကို စိုးမိုးချုပ်ကိုင် စီမံဖန်တီးနိုင်မှု တိုးမြင့်လာတာ ထင်ရှားတဲ့အတွက် အာဆီယံအနေနဲ့ NUG နဲ့ လက်တွဲလုပ်ဆောင်တာတွေ တရားဝင်စတင်ပါ" ဆိုပြီး မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) အဖွဲ့ဝင် ခရစ္စဆီဒိုတီက တိုက်တွန်းခဲ့တာနဲ့ တစ်သဘောတည်း ဖြစ်နေပါတယ်။

အထူးအကြံပေးကောင်စီ(SAC-M) ဆိုတာကတော့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း မြန်မာ့အရေး နိုင်ငံတကာအကြံပြုချက်တွေ ပြုလုပ်နိုင်ဖို့အတွက် ကုလသမဂ္ဂ ထိပ်တန်းတာဝန်ရှိသူတွေအဖြစ် မြန်မာ့အရေး ထဲထဲဝင်ဝင်ဆောင်ရွက်ခဲ့ကြသူတွေနဲ့ ဖွဲ့စည်းထားတဲ့အဖွဲ့ဖြစ်ပါတယ်။ အဲဒီအဖွဲ့ကို မြန်မာ့အရေး အချက်အလက်ရှာဖွေရေးမစ်ရှင်မှာ ပါဝင်တဲ့သူတွေနဲ့ဖွဲ့ထားပါတယ်။ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်ခဲ့တဲ့ မစ္စယန်ဟီးလီ၊ လူ့အခွင့်အရေးကောင်စီက ဖွဲ့စည်းခဲ့တဲ့ မြန်မာအရေးအချက်အလက်ရှာဖွေရေး မစ်ရှင်အဖွဲ့ခေါင်းဆောင် မာဇူကီဒါရွတ်စမန်နဲ့ အဖွဲ့ဝင် ခရစ္စဆီဒိုတီတို့ဟာ SAC-M ကို ထူထောင်သူတွေ ဖြစ်ပါတယ်။

SAC-M အဖွဲ့ဝင်တွေကို ကြည့်ခြင်းအားဖြင့် သူတို့ဟာ ဘယ်ရည်ရွယ်ချက်နဲ့ ဖွဲ့တာလဲဆိုတာ သိသာနိုင်ပါတယ်။ သူတို့ဟာ ဘင်္ဂါလီအရေးအတွက် လှုပ်ရှားနေသူတွေ ဖြစ်ပါတယ်။ လူ့အခွင့်အရေးခေါင်းစဉ်နဲ့ ဘင်္ဂါလီတွေအရေးကို ထဲထဲဝင်ဝင်ပါဝင်ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးရေးနဲ့ သူတို့လိုလားချက်တွေရရှိဖို့ ကြိုးစားနေကြသူတွေ ဖြစ်ပါတယ်။ သူတို့ရဲ့နောက်ကွယ်မှာတော့ OIC တို့၊ အမေရိကန်တို့ ရှိနေပါတယ်။

သူတို့အားလုံးဟာ သူတို့ရည်ရွယ်ချက်နဲ့သူတို့ မြန်မာနိုင်ငံကို ဖိအားပေးဖို့၊ လွှမ်းမိုးဖို့ကြိုးစားနေကြတာပါ။ ယခင်အစိုးရသက်တမ်းအတွင်းက မအောင်မြင်သေးတဲ့ သူတို့ရဲ့ရည်မှန်းချက်တွေကို အာဆီယံလမ်းကြောင်းဘက်ကနေ ကြိုးစားနေကြတာပဲ ဖြစ်ပါတယ်။ SAC-M ရဲ့ ရည်ရွယ်ချက်၊ လုပ်ဆောင်ချက်နဲ့ ပြောဆိုချက်တွေဟာ အာဆီယံအဖွဲ့ကြီးကို အသုံးချဖို့ လုပ်ဆောင်နေတာလို့ ပြောနိုင်ပါတယ်။ အဲဒီလို နောက်ကွယ်က ရည်ရွယ်ချက်တွေနဲ့ လုပ်ဆောင်နေတဲ့ SAC-M ရဲ့ ပြောဆိုချက်တွေနဲ့ တူညီစွာ မလေးရှားနိုင်ငံက ပြောဆိုလာတာဟာ အာဆီယံအတွက် သတိထားစရာဖြစ်ပါတယ်။ အာဆီယံအဖွဲ့ကြီးဟာ အဖွဲ့ဝင်နိုင်ငံတွေအကြား ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးအတွက် ရည်ရွယ်ချက်တွေ၊ အခြေခံမူတွေ အခိုင်အမာရှိပြီး ဖြစ်ပါတယ်။

> **SAC-M အဖွဲ့ဝင်တွေကို ကြည့်ခြင်းအားဖြင့် သူတို့ဟာ ဘယ်ရည်ရွယ်ချက်နဲ့ ဖွဲ့တာလဲဆိုတာ သိသာနိုင်ပါတယ်။ သူတို့ဟာ ဘင်္ဂါလီအရေးအတွက် လှုပ်ရှားနေသူတွေ ဖြစ်ပါတယ်။ လူ့အခွင့်အရေးခေါင်းစဉ်နဲ့ ဘင်္ဂါလီတွေအရေးကို ထဲထဲဝင်ဝင်ပါဝင်ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးရေးနဲ့ သူတို့လိုလားချက်တွေရရှိဖို့ ကြိုးစားနေကြသူတွေ ဖြစ်ပါတယ်။ သူတို့ရဲ့နောက်ကွယ်မှာတော့ OIC တို့၊ အမေရိကန်တို့ ရှိနေပါတယ်။**

အာဆီယံအဖွဲ့ကြီးရဲ့ အခြေခံမူတွေနဲ့အညီ မြန်မာ့ပြည်တွင်းရေး ကိုင်တွယ်ဖြေရှင်းဖို့ ကြိုးစားနေချိန်မှာ မလေးရှားနိုင်ငံက အာဆီယံရဲ့အခြေခံမူတွေနဲ့ဆန့်ကျင်ပြီး မြန်မာ့ပြည်တွင်းရေးကို SAC-M က ဖိအားပေးတဲ့အတိုင်း ထပ်ကာထပ်ကာ ပြောဆိုနေတာ တွေ့ရပါတယ်။ ယခင်ကလည်း ဘင်္ဂါလီအရေးနဲ့ပတ်သက်လို့ မလေးရှားနိုင်ငံက မြန်မာနိုင်ငံကို ပြင်းပြင်းထန်ထန် ဝေဖန်ပြောကြားခဲ့ပြီး မလေးရှားဝန်ကြီးချုပ်ဟောင်း ဒေါက်တာမဟာသီယာမိုဟာမက်က ဘင်္ဂါလီတွေအပေါ် မြန်မာအစိုးရရဲ့ ကိုင်တွယ်ပုံဟာ လက်ခံနိုင်စရာမရှိတဲ့အတွက် မြန်မာနိုင်ငံကို အာဆီယံထဲကနေ ထုတ်ပယ်သင့်တယ်လို့ ၂၀၁၅ ခုနှစ်အတွင်းက ပြောခဲ့ဖူးပါတယ်။

အခုလည်း SAC-M ရဲ့ ပြောကြားချက်တွေနဲ့ မလေးရှားနိုင်ငံခြားရေးဝန်ကြီးရဲ့ ပြောကြားချက်တွေ တူညီနေတာဟာ တိုက်ဆိုင်မှုလို့ မဆိုနိုင်ပါဘူး။ မလေးရှားနိုင်ငံခြားရေးဝန်ကြီး ပြောကြားတဲ့ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေကို ကူညီဖို့ဆိုတာ သကာဖုံးထားတဲ့စကားသာဖြစ်ပြီး နောက်ကွယ်မှာတော့ မအောင်မြင်သေးတဲ့ ဘင်္ဂါလီအရေးနဲ့ ပထဝီနိုင်ငံရေးအရ မြန်မာနိုင်ငံအပေါ် လွှမ်းမိုးပြီး တရုတ်နိုင်ငံကို ထိန်းချုပ်ရေး ရည်မှန်းချက်တွေပဲ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်တွေ အကောင်အထည်ဖော်ဖို့အတွက် အာဆီယံအဖွဲ့ကြီးရဲ့ ပဋိညာဉ်စာတမ်းပါ အခြေခံမူတွေနဲ့ သွေဖည်ပြီး မြန်မာ့ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်တာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးရဲ့ ပြောကြားချက်တွေကို မြန်မာနိုင်ငံက ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့တာပဲ ဖြစ်ပါတယ်။

အာဆီယံအဖွဲ့ ထူထောင်ထားတဲ့ ရည်ရွယ်ချက်ထဲမှာ တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသော အသွင်လက္ခဏာ၊ တစ်ခုတည်းသော ကောင်းတူဆိုးဖက် အသိုက်အဝန်းဖြစ်ဖို့ ရည်မှန်းထားတာ ပါဝင်ပါတယ်။ ဒါ့ကြောင့် အာဆီယံအဖွဲ့ကြီးဟာ ဆုံးဖြတ်တာတွေကို အာဆီယံချာတာပါ အပိုဒ် ၂၀ အရ အဖွဲ့ဝင် ၁၀ နိုင်ငံစလုံးရဲ့ တူညီဆန္ဒနဲ့ ဆုံးဖြတ်တာဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာ့အရေးနဲ့ ပတ်သက်လို့ အာဆီယံဦးဆောင်တဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ အကူအညီပေးနိုင်ဖို့အတွက် တတိယနိုင်ငံတစ်နိုင်ငံ ပါဝင်ဆောင်ရွက်တာကို ယူကောင်းယူဖို့ မလေးရှားနိုင်ငံခြားရေးဝန်ကြီးရဲ့ ပြောဆိုချက်ဟာ အာဆီယံပဋိညာဉ်နဲ့ ဆန့်ကျင်နေပါတယ်။ မလေးရှားနိုင်ငံခြားရေးဝန်ကြီးရဲ့ ပြောကြားချက်ဟာ အာဆီယံရဲ့မူနဲ့ မညီသလို သူ့ရဲ့ပြောကြားချက်နောက်မှာ ကွယ်ဝှက်ထားတဲ့ ရည်ရွယ်ချက်နဲ့ အစီအစဉ်တွေရှိတယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်။ အာဆီယံအဖွဲ့ကြီးကို ရှေ့တန်းတင်ပြီး နောက်ကွယ်မှာတော့ သူတို့လိုချင်တဲ့ ပုံစံကို လမ်းကြောင်းလိုက်ပေးနေခြင်းလည်း ဖြစ်ပါတယ်။

ကမ္ဘာမှာ အခုဆိုရင် ကမ္ဘာ့အင်အားကြီးနိုင်ငံတွေအကြား အင်အားပြိုင်ပြီး လွှမ်းမိုးဖို့ကြိုးစားနေကြလို့ ပြိုင်ဆိုင်မှုတွေ၊ တင်းမာမှုတွေ မြင့်တက်နေတဲ့အချိန် ဖြစ်ပါတယ်။ အထူးသဖြင့် အမေရိကန်နိုင်ငံက သူ့ရဲ့ စီးပွားရေး၊ စစ်ရေးပြိုင်ဘက်တွေဖြစ်တဲ့ ရုရှားနဲ့ တရုတ်နိုင်ငံအပေါ် ထိန်းချုပ်ဖို့ မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး လုပ်ဆောင်နေလို့ ရုရှားနဲ့ ယူကရိန်းစစ်ပွဲဖြစ်ပွားနေသလို တရုတ်နိုင်ငံနဲ့လည်း တင်းမာမှုတွေ ဖြစ်နေပါတယ်။ အဲဒါရဲ့ နောက်ဆက်တွဲက ဒေသတွင်း မတည်ငြိမ်မှုတွေ ဖြစ်နေပါတယ်။ အာဆီယံဒေသဟာလည်း ပထဝီနိုင်ငံရေးနဲ့ ကမ္ဘာ့ကုန်သွယ်ရေးအတွက် အရေးပါနေတဲ့အတွက်ကြောင့် အင်အားကြီးနိုင်ငံတွေက အာဆီယံနဲ့ ဆက်ဆံရေးအပြိုင် ထူထောင်နေကြပါတယ်။

ပြီးခဲ့တဲ့ မေလက အမေရိကန်နဲ့ အာဆီယံ ဆက်ဆံရေး (၄၅) နှစ်ပြည့် အထိမ်းအမှတ် ထိပ်သီး ဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမှာ ကျင်းပခဲ့ပါတယ်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အာဆီယံခေါင်းဆောင်တွေကို အိမ်ဖြူတော်မှာ လက်ခံတွေ့ဆုံခဲ့ပါတယ်။ ဒါ့အပြင် အာဆီယံ ဒေသတွင်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းတဲ့ စွမ်းအင်ထုတ်လုပ်မှု ထွန်းကားရေးနဲ့ ပင်လယ်ရေကြောင်း လုံခြုံမှုရှိရေးကို အားပေးထောက်ခံသွားပြီး ဒီလိုလုပ်ဖို့အတွက် အမေရိကန် ဒေါ်လာသန်း ၁၅၀ သုံးစွဲသွားမယ်လို့ ကတိပေးခဲ့တယ်လို့ ဆိုပါတယ်။

ဒါဟာ အာဆီယံကို အမေရိကန်က တရုတ်နဲ့ အပြိုင် စည်းရုံးနေတဲ့ သာဓကတစ်ခုဖြစ်ပါတယ်။ အမေရိကန်ရဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာအရ တရုတ်နိုင်ငံရဲ့ ဩဇာလွှမ်းမိုးမှုကိုထိန်းချုပ်ဖို့ ပတ်ဝန်းကျင်နိုင်ငံတွေကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချဖို့ ကြိုးစားနေခြင်းလည်း ဖြစ်ပါတယ်။ အဲဒီထဲမှာ အာဆီယံဟာလည်း တစ်စိတ်တစ်ပိုင်း ပါဝင်ပါတယ်။ အာဆီယံအဖွဲ့ကြီးဟာ ဒေသတွင်း နိုင်ငံတွေရဲ့ ဘုံအကျိုးစီးပွားအတွက် ဖွဲ့စည်းထားတဲ့ အဖွဲ့ပဲ ဖြစ်ပါတယ်။ စစ်ရေးဆိုင်ရာအဖွဲ့အစည်း မဟုတ်ပါဘူး။ ဒေသတွင်းနိုင်ငံတွေရဲ့ ဘုံအကျိုးစီးပွားအတွက် ထာဝရငြိမ်းချမ်းသော၊ အေးချမ်းတည်ငြိမ်သော၊ စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး အတူတကွ သာယာဝပြောတဲ့လူမှုဘဝ ဖွံ့ဖြိုးတိုးတက်သော ဒေသအတွင်း နေထိုင်သွားဖို့နဲ့ အဓိကအကျိုးစီးပွား လိုလားချက်တွေကို မြှင့်တင်ဖို့ ရည်ရွယ်ချက် ဖြစ်ပါတယ်။

ဒီလိုရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှု၊ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်မှု၊ တူညီဆန္ဒနဲ့ဆုံးဖြတ်မှု၊ မတူကွဲပြားမှုနှင့် ညီညွတ်ခြင်း စတဲ့အခြေခံမူတွေနဲ့ လုပ်ဆောင်နေတာဖြစ်ပါတယ်။

အာဆီယံရဲ့ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေ၊ အခြေခံမူတွေနဲ့ ပူးပေါင်းလုပ်ဆောင်နေတဲ့အချိန်မှာ မလေးရှားနိုင်ငံက မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့နဲ့ ပြင်ပနိုင်ငံတွေကို ထည့်သွင်းဖို့ ပြောဆိုနေတာ သွေးရိုးသားရိုးကူညီလိုခြင်းလို့ ယူဆဖို့ခက်ခဲပါတယ်။ SAC-M ကလည်း မြန်မာနိုင်ငံကို ဖိအားပေးဖို့ အာဆီယံကို တိုက်တွန်းပြောဆိုနေတာတွေ ရှိပါတယ်။ သူတို့အနေနဲ့ သူတို့ ရည်မှန်းချက်တွေ အပြည့်အဝ အကောင်အထည်ဖော်ဖို့ဆိုရင် မြန်မာနိုင်ငံမှာ သူတို့အလိုကျဖြစ်မယ့် အစိုးရတစ်ရပ်ပေါ်ပေါက်ရေး၊ ရုပ်သေးအစိုးရတစ်ရပ်ပေါ်ပေါက်ရေး လုပ်ဆောင်နေကြတာပဲ ဖြစ်ပါတယ်။ ယူကရိန်းနိုင်ငံနဲ့ ထိုင်ဝမ်မှာဆိုရင်လည်း အဲဒီကိုလိုနီလက်သစ်နည်းတွေကိုပဲ အသုံးချခဲ့ကြတာ တွေ့ရမှာဖြစ်ပါတယ်။

အဲဒီလို ဖိအားပေးလုပ်ဆောင်တာတွေကြောင့် မြန်မာ့ပြည်တွင်းရေးအတွက် သာမကပါဘူး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ ဒေသတွင်းနိုင်ငံတွေရဲ့ တည်ငြိမ်မှုကို ထိခိုက်စေနိုင်ပါတယ်။ ရုရှား-ယူကရိန်း စစ်ပွဲကိုကြည့်ရင် ကာယကံရှင်ဖြစ်တဲ့ ရုရှားနဲ့ ယူကရိန်းနိုင်ငံတွေပဲ ထိခိုက်တာမဟုတ်ပါဘူး။ ဒေသတွင်းနိုင်ငံတွေ၊ ဆက်စပ်နေတဲ့နိုင်ငံတွေအပြင် ပဋိပက္ခနဲ့ ဘယ်လိုမှမဆက်စပ်တဲ့ နိုင်ငံတွေအထိ ဂယက်ရိုက်ခတ်ခံရတာ တွေ့နိုင်ပါတယ်။

အင်အားကြီးနိုင်ငံတွေက ဩဇာလွှမ်းမိုးဖို့ အပြိုင်ကြိုးစားနေတဲ့ကာလမှာ အာဆီယံအဖွဲ့ကြီးရဲ့ ရည်ရွယ်ချက်ကို ထိခိုက်စေမယ့် လုပ်ဆောင်ချက်တွေကို အဖွဲ့ဝင်နိုင်ငံတွေက ကာကွယ်စောင့်ရှောက်ကြဖို့လိုပါတယ်။ အာဆီယံရဲ့ အခြေခံမူထဲမှာ ပြင်ပမှ ဝင်ရောက်စွက်ဖက်မှု၊ ဖျက်လိုဖျက်ဆီးပြုမှုနှင့် ဖိအားပေးမှုများ ကင်းရှင်းစွာဖြင့် အမျိုးသားရေးတည်ရှိမှုဆိုင်ရာ အဖွဲ့ဝင်နိုင်ငံတိုင်း၏ အခွင့်အရေးကို လေးစားလိုက်နာခြင်းဆိုတာ ပါဝင်ပါတယ်။ ဒါကြောင့် အာဆီယံအဖွဲ့ကြီးကို ခိုင်မာအားကောင်းသော၊ စည်းလုံးညီညွတ်သော၊ တက်ကြွစွာပူးပေါင်းလုပ်ဆောင်သောအဖွဲ့ကြီး ဖြစ်ဖို့ဆိုရင် အာဆီယံနိုင်ငံတွေအကြား အာဆီယံအခြေခံမူတွေနဲ့အညီ လုပ်ဆောင်ကြမှသာ အာဆီယံရဲ့ ရည်မှန်းချက်တွေ ပြည့်ဝလာမှာဖြစ်ပါတယ်။ ။

# နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များမှ သိသင့်သိထိုက်သည့်အချက်များကို ဦးစီးဌာန(ရုံးချုပ်)များ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူးများကို ထပ်ဆင့်အသိပေးရှင်းလင်း



နေပြည်တော် ဩဂုတ် ၁၅

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များမှ သိသင့်သိထိုက်သည့်အချက်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဦးစီးဌာန(ရုံးချုပ်)များ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူးများအား ထပ်ဆင့်အသိပေး ရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပသည်။

## ကြိုတင်ပြင်ဆင်ထား

ထပ်ဆင့်ရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နိုင်ငံတော်က လက်ရှိ မူဝါဒချမှတ် အကောင်အထည်ဖော်လျက်ရှိသော လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်ရန်နှင့် မိမိတို့ဒေသအသီးသီးတွင်စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ ဦးဆောင်မှု၊ ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုဖြင့် ပေးအပ်လာသောတာဝန်များကို အပြည့်အဝ အောင်မြင်အောင် ပူးပေါင်းဆောင်ရွက် နိုင်ရန် ယခုလိုမှာကြားရခြင်း ဖြစ်ကြောင်း၊ သဘာဝ ဘေးအန္တရာယ်နှင့်ပတ်သက်၍ အချိန်မရွေးကျရောက် နိုင်၍ ကြိုတင်ပြင်ဆင်ထားကြရန်လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ထောက်ပံ့ခြင်း၊ နည်းပညာပံ့ပိုးကူညီခြင်းများကို ဆောင်ရွက်သည် ဖြစ်ရာ ပရဟိတဂေဟာ/ရိပ်သာများတွင် လက်ခံ စောင့်ရှောက်ထားသည့် ထိခိုက်လွယ်အုပ်စုဝင်များ၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေး၊ အနိမ့်ဆုံးရှိရမည့် စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီစေရေး၊ မြေနေရာပိုင်ဆိုင်မှုအပါအဝင် ခွင့်ပြုချက်မရှိဘဲ တည်ထောင်လည်ပတ်နေသည့် ဖြစ်စဉ်များကို သတ်မှတ်ချက်များနှင့်ညီညွတ်စေရေး တာဝန်ရှိသူ များအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့များနှင့် ပေါင်းစပ် ဆောင်ရွက်သွားကြရန်နှင့် အခက်အခဲများရှိပါက ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

မိမိတို့ဌာန ဝန်ထမ်းများအနေဖြင့်လည်း ကျရာတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက် သွားကြရန်နှင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများရှိနေသည်ဖြစ်ရာ ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် အခက် အခဲများ ဖြေရှင်းပေးနိုင်ရန် အသင့်ရှိနေသည့်အတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြပေးကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ဌာနကဆောင်ရွက်လျက်ရှိသော Quick Win Project များအနက် အကောင်အထည်ဖော်ဆောင်ရွက် ပြီးဖြစ်သည့် သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့်(၂၀၂၂)ရေးဆွဲခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ရေးဆွဲအတည်ပြုခြင်း၊ မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများတွင် အနိမ့်ဆုံးရှိရမည့် စံသတ်မှတ်ချက်များရေးဆွဲမည့် စီမံချက်များ ရေးဆွဲခဲ့မှုအခြေအနေများကို ဆွေးနွေး ပြောကြားပြီး အမြဲတမ်းအတွင်းဝန်က ယခင်ပြုလုပ်ခဲ့ သည့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုကို ဖတ်ကြားရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးစီးဌာနများမှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက လုပ်ငန်းတိုးတက်မှု အခြေအနေများ၊ လမ်းညွှန်မှုခံယူလိုသည့်အချက် များနှင့် ညှိနှိုင်းဖြည့်ဆည်းပေးစေလိုသည့် အချက် များကို ဆွေးနွေးတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ် များက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးတင်ပြ ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘတ်စကက်ဘောအားကစားနည်းဖြင့် ကရင်ပြည်နယ်၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ဆောင်ရွက်ကြစေလို



ဘားအံ ဩဂုတ် ၁၅

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ကလပ်ပေါင်းစုံ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက ဘားအံမြို့ အမှတ်(၁)ရပ်ကွက်ရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

## ပြည်နယ်၏ဂုဏ်ကိုမြှင့်တင်

ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဘတ်စကက်ဘောအားကစားနည်း သည် ကရင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ပြန့်ပွား အောင် ဆောင်ရွက်ပေးရမည့် အားကစားနည်းတစ်ခု ဖြစ်ကြောင်း၊ မြို့နယ်တိုင်းတွင် မိုးလုံလေလုံ အားကစားခန်းမများ တည်ဆောက်ပေးထားပြီး ဖြစ်သည့်အတွက် ဘတ်စကက်ဘော ဂိုးဘုတ်များ တပ်ဆင်၍ မြို့နယ်အားလုံးတွင် ကစားနိုင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အားကစားသမား များအနေဖြင့်လည်း မိမိတို့ ကျွမ်းကျင်ပိုင်နိုင် စိတ်ပါ ဝင်စားသည့် ဘတ်စကက်ဘောအားကစားနည်းဖြင့် ပြည်နယ်၏ ဂုဏ်ကိုမြှင့်တင်နိုင်အောင်၊ ပြည်နယ် အတွင်းပြန့်ပွားလာအောင် ဝိုင်းဝန်းကူညီဆောင်ရွက် ပေးစေလိုကြောင်း၊ ဘတ်စကက်ဘောအားကစား နည်းဖြင့် ကရင်ပြည်နယ်၏ဂုဏ်ကို မြှင့်တင်ဂုဏ်ဆောင် ပေးကြသူများဖြစ်ကြစေလိုကြောင်း၊ ပြိုင်ပွဲဝင်ကလပ် အသင်းများအနေဖြင့် ဒိုင်များ၏ အဆုံးအဖြတ်ကို လိုက်နာ၍ ဥပဒေဘောင်အတွင်းမှ မိမိတို့အသင်း အနိုင်ရရှိအောင် ကြိုးစားယှဉ်ပြိုင်သွားကြရန် မှာကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး ကွင်းအတွင်း မှ ပြန်လည်ထွက်ခွာခဲ့ကြကာ အဖွင့်ပွဲစဉ်အဖြစ် Royal Oshi အသင်းနှင့် ရွှေလက်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ Royal Oshi အသင်းက ၈၁ မှတ် ၃၆ မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲကျင်းပနေမှုကို ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာ ရှင်များ ကြည့်ရှုအားပေးခဲ့ကြသည်။ ယခုကျင်းပသည့် ပြိုင်ပွဲသို့ ကရင်ပြည်နယ်အတွင်းမှ ဘတ်စကက်ဘော ကလပ်အသင်း ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ ကြကာ ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်အထိ ပွဲစဉ်ပေါင်း ၁၀ ပွဲဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ ထူးချွန် ထက်မြက်သည့် အားကစားသမားများကို ကရင်ပြည်နယ်လက်ရွေးစင်အဖြစ် ရွေးချယ်၍ ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ရှမ်းပြည်နယ် လားရှိုးမြို့တွင် ကျင်းပမည့် ၂၀၂၂ ခုနှစ် တိုင်းဒေသကြီး နှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နမ့်စန်တွင် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

နမ့်စန် ဩဂုတ် ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် ဝန်ထမ်း ပေါင်းစုံ ငွေစုငွေချေးသမဝါယမ အသင်း လီမိတက်၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် ကျင်းပသော နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်သမဝါယမ ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွန်းက အဖွင့်မိန့်ခွန်း ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးက အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။



ဆက်လက်၍ အသင်းမှ တာဝန် ရှိသူများက ၂၀၂၁-၂၀၂၂ ဘဏ္ဍာ နှစ်အတွက် အမှုဆောင်ဒါရိုက်တာ အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများကို ဖတ်ကြားတင်ပြ ကာ အသင်းသားများ၏ အတည် ပြုချက်ရယူကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကျော်မိုး၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး စိုင်းလှိုင်ဝန်းနိုင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်မြင်ခဲ့သော အသင်းသား အသင်းသူများ၏ သားသမီး ၁၆ ဦးအနက် ဂုဏ်ထူး တစ်ဘာသာဖြင့် အောင်မြင်သူ ကျောင်းသား ကျောင်းသူ ငါးဦးကို ပညာသင်ဆု ငွေကျပ် ၃၀၀၀၀ စီ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ရိုးရိုး အောင်မြင်သူ ၁၁ ဦးကို ပညာသင် ဆု ငွေကျပ် ၂၀၀၀၀ စီနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့် သည်။

ထို့နောက် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းမှ တာဝန်ရှိသူများက တက်ရောက် လာသော အသင်းသားများကို စုစုပေါင်း ငွေကျပ် သိန်း ၂၀ ကျော် တန်ဖိုးရှိ လက်ဆောင်ပစ္စည်းများ အား မဲဖောက်၍ ပေးအပ်ခဲ့ပြီး အသင်းသား ၇၉၁ ဦး၏ စုဆောင်း ငွေပေါ် အတိုးငွေ စုစုပေါင်း ၆၀၇၅၀၆၄၂ ကျပ်ကို စနစ်တကျ ခွဲဝေထုတ်ပေးခဲ့ကြောင်း သိရ သည်။

**သူရအောင်(ပြန်/ဆက်)**

# ငါးလုပ်ငန်းသင်တန်းကျောင်း(ဖျာပုံ)၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် သင်တန်းဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၁၅

ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)သင်တန်းကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းတွင် ငါးလုပ်ငန်းသင်တန်းကျောင်း(ဖျာပုံ) သင်တန်းခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကိုကိုလွင် က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ် ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး သင်တန်းကျောင်းမှ ဆရာ ဆရာမများက GAqP တွင် လိုက်နာရမည့် အခြေခံမှု(၄)ရပ်ကို သိရှိလိုက်နာဆောင်ရွက်နိုင်ရေး စသည့် အချက်အလက်များ ရှင်းလင်းပို့ချခဲ့ပြီး ရေနေနို့တိုက်သတ္တဝါ များ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ အသိပညာပေးလက်ကမ်း စာစောင်များကို သင်တန်းသားများအား ဖြန့်ဝေပေးသည်။

သင်တန်းသို့ ဖျာပုံ၊ အမာ၊ ကျိုက်လတ်၊ ဘိုကလေး၊ ဒေးဒရဲမြို့နယ်မှ မြို့နယ်မှူးများနှင့် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇအသစ်များ ထပ်မံကူးစက်မှုဖြစ်ပွားနေသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း တိတိကျကျလိုက်နာ




မြစ်ကြီးနား ဩဂုတ် ၁၅

ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရှိန်အဟုန်မပျက် ပြီးစီးအောင်ဆောင်ရွက်နိုင်ရေး ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များနှင့် ခရိုင်၊ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

**အကြိမ်ပြည့်ထိုးနှံပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်**

ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယနေ့ ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇအသစ်များ ထပ်မံကူးစက်ဖြစ်ပွားလျက်ရှိနေသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပေးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထပ်ဆောင်း နောက်ဆုံးအကြိမ်ထိုးနှံပြီးစီးမှုကာလ ခြောက်လပြည့်ပြီးနှင့်အထက်ရှိသော အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနိုင်ရေးနှင့် သက်တမ်းကုန်ဆုံးမည့် ကာကွယ်ဆေးများကိုလည်း အချိန်မီသုံးစွဲနိုင်ရေးအတွက် ခရိုင်၊မြို့နယ်များအနေဖြင့် ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်များ ရေးဆွဲတင်ပြရန် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်မျိုးဦးက ပြည်နယ်အတွင်း ကာကွယ်ဆေးထိုး လုပ်ငန်းများတွင် တပ်မတော်မှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်ကော်မတီအတွင်းရေးမှူး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တွဲဖက်အတွင်းရေးမှူး၊ ပြည်နယ်အတွင်းရေးမှူးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ပြည်နယ်အတွင်း ကာကွယ်ဆေးအမျိုးအစားအလိုက် ထိုးနှံပြီးစီးမှုနှင့် ဆေးလက်ခံကျန်ရှိမှု၊ ဦးတည်အုပ်စုအလိုက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုအခြေအနေများ၊ ပိုးတွေ့လူနာထပ်မံတွေ့ရှိမှုအခြေအနေနှင့် စာရင်းရေးသွင်းခြင်းလုပ်ငန်းများ တိကျမှန်ကန်မှုရှိစေရေး ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ခရိုင် ခြောက်ခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌများက တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ်အခမ်းအနားနှင့် မသန်စွမ်းသူများနှင့်ပတ်သက်သည့် အသိပညာပေးသင်တန်းဖွင့်ပွဲ ကျင်းပ

မုံရွာ ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။

**ကျောင်းနေအရွယ်ကလေးများ ကျန်းမာရေး အရေးကြီး**

စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု အနာဂတ်သည် နိုင်ငံသားများ၏ ပညာရေးနှင့်ကျန်းမာရေးအဆင့်အတန်းပေါ်တွင် မူတည်သည့်အတွက် မြန်မာနိုင်ငံ၏ အနာဂတ်လူ့စွမ်းအား အရင်းအမြစ်ဖြစ်သော ကျောင်းနေအရွယ်ကလေးများ ကျန်းမာရေးသည် အလွန်အရေးကြီးကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်ရန်အတွက် အခြေခံကျသည့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ အဓိကဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ပြီး တစိုက်မတ်မတ် ဆောင်ရွက်နေကြောင်း၊ ကျောင်းသားလူငယ်များ ကျန်းမာသန်စွမ်းပြီး ကာယ၊ ဉာဏ ဖွံ့ဖြိုးခြင်းသည် အနာဂတ်နိုင်ငံတော်အတွက် ကောင်းမွန်သော အရင်းအနှီးဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းကျန်းမာရေး သီတင်းပတ် အထိမ်းအမှတ် Video Clip ကို ကြည့်ရှုအားပေးပြီး ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ် လှုပ်ရှားမှုပြခန်းအား လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသော မသန်စွမ်းသူများနှင့် ပတ်သက်သည့် အသိပညာပေးသင်တန်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2 ဆုပေးပွဲအခမ်းအနား ကျင်းပ

ပဲခူး ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခြောက်ခရိုင်မှ ပါဝင်ယှဉ်ပြိုင်သည့် အဆိုရှင် ၁၂ ဦးတို့က နှလုံးသားကို အလှဆင်ပါတေးသီချင်းဖြင့် စုပေါင်းသီဆိုဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို တူယှဉ်နွဲ့ပျော်ဂီတပွဲတော်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများအား တိုင်းဒေသကြီး တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြကာ တတိယဆုရရှိသူ တောင်ငူခရိုင်ကိုယ်စားပြု ဒေါ်မြမြသက်အား အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးဆန်းညွန့်လှိုင်က လည်းကောင်း၊ ဒုတိယဆုရရှိသူ ပြည်ခရိုင်ကိုယ်စားပြု ဒေါ်မြတ်ကေခိုင်အား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်က လည်းကောင်း၊ ပထမဆုရရှိသူ ပဲခူးခရိုင်ကိုယ်စားပြု ဦးလျှမ်းထက်ကိုအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများက ပြိုင်ပွဲဝင်သီချင်းများ၊ စိတ်ကြိုက်သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




# မြန်မာအလုပ်သမားများ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ထွက်ခွာ

ကော့သောင်း ဩဂုတ် ၁၅

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ စေလွှတ်ရေးလုပ်ငန်းစဉ်အရ ယနေ့မွန်းလွဲပိုင်းတွင် ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမား အမျိုးသား ၂၀ နှင့် အမျိုးသမီး ၈၀ စုစုပေါင်း အလုပ်သမား ၁၀၀ သည် ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ထွက်ခွာသွားသည်။

အဆိုပါ မြန်မာအလုပ်သမားများကို ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ လေကြောင်းခရီးစဉ်ဖြင့်ခေါ်ယူခဲ့ပြီး ကော့သောင်းအပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်ရာ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများကို ကော့သောင်းခရိုင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းခရိုင်ရုံးနှင့် တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြပြီး အလုပ်အကိုင်ကုမ္ပဏီတာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ အလုပ်လုပ်ကိုင်မည့်ကုမ္ပဏီသို့ စနစ်တကျ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# စက်သုံးဆီနှင့်ပတ်သက်ပြီး လတ်တလောဖြစ်ပေါ်နေသည့် ကောလာဟလများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်




အခုလ ၁၃ ရက်နေ့လောက်ကနေစပြီးတော့ လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ စက်သုံးဆီပြတ်လပ်မှုတွေဖြစ်ပေါ်နေတယ်ဆိုတဲ့ကောလာဟလတွေကို တွေ့ရှိခဲ့ပါတယ်။ အဓိကဖြစ်ပေါ်ခဲ့တာကတော့ မန္တလေးမြို့မှာဖြစ်ပါတယ်။ မန္တလေးမြို့မှာ ဩဂုတ်လ ၁၄ ရက်နေ့မနက်ပိုင်းလောက်နဲ့ ညပိုင်းလောက်မှာ ပုံမှန်ရောင်းချပေးနေတဲ့ ကုမ္ပဏီကြီးတွေရဲ့ဆီဆိုင်တွေမှာတောင်မှ ကောလာဟလတွေကြောင့် စက်သုံးဆီကို စုပြုံပြီး ဝယ်ယူကြတဲ့အခြေအနေမျိုးတွေဖြစ်ခဲ့ပါတယ်။ သတင်းမရတဲ့ စက်သုံးဆီဆိုင်တချို့မှာလည်း စက်သုံးဆီကိုချွေပြီးရောင်းတာတို့ ဆီကုန်သွားပြီလို့ပြောတာမျိုးတွေရှိခဲ့ပါတယ်။ အဲဒါကြောင့် ကုမ္ပဏီကြီးတွေရဲ့ ဆီဆိုင်တချို့မှာ စုပြုံပြီးတော့ ဝယ်ယူကြတယ်။ အဲဒီလိုစုပြုံပြီး ဝယ်ယူကြတဲ့အတွက် စက်သုံးဆီပြတ်လပ်တဲ့ပုံစံမျိုးဖြစ်တာဖြစ်ပါတယ်။ ကျွန်တော်တို့မှာအရန် စက်သုံးဆီတွေရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ချက်ချင်းပြန်လည်ဖြည့်ဆည်းပေးနေပါတယ်။ ဒါပေမယ့်ကြားထဲမှာ အနည်းငယ်ပြတ်လပ်သွားတာတော့ရှိပါတယ်။ ကောလာဟလသတင်းတွေထုတ်လွှင့်ပြီးတဲ့နောက်မှာ ဒီလိုကိစ္စတွေဖြစ်လာတာဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ စက်သုံးဆီကိစ္စနဲ့ပတ်သက်ပြီး စိုးရိမ်မှုမရှိဖို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။ ဩဂုတ် ၁၄ ရက်နေ့က သီလဝါဆိပ်ကမ်းမှာ စက်သုံးဆီတင်သင်္ဘောတစ်စင်းဆိုက်ကပ်ပြီးတော့ စက်သုံးဆီတွေချခဲ့ပါတယ်။ ဩဂုတ် ၁၅ ရက်နေ့မှာဆိုရင်လည်း စက်သုံးဆီတင်သင်္ဘောလေးစင်း ဆိုက်ကပ်ပြီးတော့ စက်သုံးဆီတွေချနေပါတယ်။ 92, 95, Diesel နဲ့ Premium Diesel တန်ချိန် ၆၀၀၀၀ လောက် ဒီနေ့ချနေပါတယ်။ ဂါလန် ၁၃ သိန်းလောက်ရှိမယ်လို့ ခန့်မှန်းရပါတယ်။ 92 တန်ချိန် ၂၇၀၀၀ ကျော်၊ 95 တန်ချိန် ၃၀၀၀ ကျော်၊ Diesel တန်ချိန် ၆၀၀၀ ကျော်နဲ့ Premium Diesel တန်ချိန် ၂၂၀၀၀ ကျော်ကို ဒီနေ့ဆိပ်ကမ်းမှာ တစ်ပြိုင်တည်းချနေပါတယ်။ အခုလ ၁၈ ရက်နေ့မှာ စက်သုံးဆီတန်ချိန် ၂၀၀၀၀ လောက် ထပ်ပြီးဝင်လာဖို့ရှိပါတယ်။ ၁၉ ရက်နေ့မှာဆိုရင်လည်း စက်သုံးဆီတန်ချိန် ၂၃၀၀၀ လောက် ထပ်ပြီး ဝင်ရောက်လာဖို့ရှိပါတယ်။ အဲဒီနောက်ပိုင်းမှာလည်း စက်သုံးဆီတင်သင်္ဘော ၁၂ စင်းလောက်ထပ်ပြီး ဝင်ရောက်လာဖို့ရှိပါတယ်။ အခုလတ်တလော ဆိပ်ကမ်းမှာ စက်သုံးဆီ ဂါလန် ၁၃ သိန်းလောက် ချနေတာဖြစ်တဲ့အတွက် ဒီကိစ္စနဲ့ပတ်သက်ပြီး စိုးရိမ်စရာမရှိဘူးလို့ပဲ ပြောချင်ပါတယ်။ ကောလာဟလတွေ ထုတ်လွှင့်ပြီး ပြည်သူလူထုကို စိုးရိမ်တကြီးနဲ့ စက်သုံးဆီဆိုင်တွေမှာ သိုလှောင်နိုင်တဲ့ပမာဏထက် စုပြုံဝယ်ယူမှုဖြစ်အောင် လုပ်ဆောင်နေတာဖြစ်တယ်လို့ ပြောလိုပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာလည်း စက်သုံးဆီဈေးနှုန်းတွေမြင့်တက်နေပါတယ်။ အဲဒါကိုတော့ ကျွန်တော်တို့လည်း သွားပြီးထိန်းချုပ်လို့မရပါဘူး။ နိုင်ငံတော်အစိုးရအနေနဲ့ စက်သုံးဆီနဲ့ပတ်သက်ပြီး အခွန်တွေကို လျှော့ပေါ့ပေးနေပါတယ်။ ဒ့ါအပြင် စက်သုံးဆီဝယ်ယူတင်သွင်းနိုင်ဖို့အတွက် နိုင်ငံခြားငွေရောင်းချပေးတာတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်။ အရှေ့တောင်အာရှအိမ်နီးချင်းနိုင်ငံတွေမှာ ရောင်းချပေးနေတဲ့ စက်သုံးဆီဈေးနှုန်းက ကျွန်တော်တို့နိုင်ငံထဲမှာ ရောင်းချနေတဲ့ ဈေးနှုန်းထက် ပိုပြီးမြင့်တက်နေတာကို နှိုင်းယှဉ်ကြည့်ရင် သိနိုင်ပါတယ်။ အကျဉ်းချုပ်ပြောရမယ်ဆိုရင် စက်သုံးဆီပမာဏ တန်ချိန် ၆၀၀၀၀ လောက် သီလဝါဆိပ်ကမ်းမှာ ဒီနေ့ချနေပါတယ်။ ဂါလန်နဲ့တွက်မယ်ဆိုရင် ဂါလန် ၁၃ သိန်းလောက်ရှိပါတယ်။ အရန် စက်သုံးဆီတွေရှိနေသလို နောက်ထပ်ဝင်ရောက်လာမယ့် စက်သုံးဆီတင်သင်္ဘောတွေလည်း ရှိနေပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူလူထုရဲ့ လမ်းပန်းဆက်သွယ်ရေးနဲ့ ပြည်သူလူထုရဲ့ စားဝတ်နေရေးတို့နဲ့ပတ်သက်ပြီး အလေးထား ဆောင်ရွက်ပေးနေပါတယ်လို့ ပြောလိုပါတယ်။




## အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း၏ (၂၉) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားပြုလုပ်

**ရန်ကုန် ဩဂုတ် ၁၅**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ၏ (၂၉) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား (29th Anniversary) ကို ဩဂုတ် ၁၅ ရက်က ရန်ကုန်မြို့ရှိ Lotte Hotel ၌ ပြုလုပ်ရာ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပရှိ လေကြောင်းလိုင်း မိတ်ဖက်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်တွင်းရှိ လေကြောင်းလိုင်းများမှ အဆင့်မြင့်အရာထမ်း ဝန်ထမ်းများ တက်ရောက်ကြသည်။

**ဆုများချီးမြှင့်**

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) အမှုဆောင်အရာရှိချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး MAI လေကြောင်းလိုင်းခရီးသည်များအတွက် လေယာဉ်လက်မှတ်များ ဝယ်ယူရာတွင် လွယ်ကူလျင်မြန်စွာ ဝယ်ယူပေးချေနိုင်ရန်နှင့် ပြည်တွင်း၊ ပြည်ပ၌ ငွေကြေးသုံးစွဲရာတွင် လွယ်ကူလျင်မြန်၍ တစ်ဦးချင်း၊ အဖွဲ့လိုက်အတွက် အကျိုးရှိစေမည့် “MAI X-tra” အစီအစဉ်ကို UAB Bank အမှုဆောင်အရာရှိချုပ်က မိတ်ဆက်ရှင်းလင်းပြောကြားသည်။ ယင်းနောက် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ဥက္ကဋ္ဌဦးအောင်အောင်ဇော်နှင့် တာဝန်ရှိသူများက လေကြောင်းလိုင်း၏ နှစ်ပတ်လည်တွင် ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများ၊ ဌာနများကို ဆုများချီးမြှင့်ခဲ့ပြီး တက်ရောက်လာသူများအတွက် အမှတ်တရကံစမ်းမဲအစီအစဉ်များ ပြုလုပ်ပေးသည်။

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) သည် ကိုဗစ်-၁၉ ကာလတစ်လျှောက် အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရသော်လည်း လက်ရှိတွင် အာဆီယံဒေသတွင်းရှိ အခြားလေကြောင်းလိုင်းများကဲ့သို့ ပျံသန်းပြေးဆွဲပေးလျက်ရှိသည်။ MAI လေကြောင်းလိုင်းတွင် Air Bus A-319 လေးစင်း၊ Air Bus A-320 လေးစင်း၊ Embraer E190 သုံးစင်း စုစုပေါင်း ၁၁ စင်းဖြင့် ပြည်တွင်းခရီးစဉ်များ၊ ပြည်ပခရီးစဉ်များကို ပုံမှန် Schedule Flight များအပြင် Charter Flight များ၊ Cargo Flight များကိုပါ ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-သော်ကြီး**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း ၁၀ ဒသမ ၃၈ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

## မြိတ်မြို့နယ်၌ ဒေသခံပြည်သူများအား စားသုံးဆီများကို ရွှေ့လျားစနစ်ဖြင့် ရောင်းချပေးလျက်ရှိ

**မြိတ် ဩဂုတ် ၁၅**

ရပ်ကွက်၊ ကျေးရွာများရှိ ဒေသခံပြည်သူများအား သက်သာသော ဈေးနှုန်းဖြင့် စားသုံးဆီ ဝယ်ယူရရှိနိုင်စေရန် ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ရှမ်းချောင်းရပ် ရှမ်းချောင်းလမ်းမကြီးနံဘေးတွင် ယနေ့ နံနက် ၈ နာရီက မြန်မာနိုင်ငံ ဆီကုန်သည်အသင်းမှ ဦးဆောင်၍ မြိတ်ခရိုင်ဆီလုပ်ငန်းရှင်များ အသင်းက စားသုံးဆီများကို တစ်ဦးလျှင် တစ်ပိဿာနှုန်း ရောင်းချပေးခဲ့ကြောင်း သိရသည်။



မြိတ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား စားသုံးဆီ ရောင်းချပေးရာတွင် တစ်ပိဿာလျှင် ငွေကျပ် ၃၉၅၀ နှုန်းဖြင့် လူတစ်ဦးလျှင် တစ်ပိဿာနှုန်း ရောင်းချပေးခဲ့ရာ ဝယ်ယူသူများက စနစ်တကျ တန်းစီကာ ဝယ်ယူခဲ့ကြသည်။

ရပ်ကွက်၊ ကျေးရွာများသို့ စားသုံးဆီ လက်လီရောင်းချပေးခြင်းကို မြိတ်ခရိုင် ဆီကုန်သည်များအသင်း အတွင်းရေးမှူး ဦးကျော်ကျော်စိုးနှင့် အဖွဲ့ဝင်များက တစ်နေ့လျှင် ဆီပိဿာချိန် ၆၆၀ အား ဩဂုတ် ၁၂ ရက်မှ စတင်ကာ ရွှေ့လျားစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း မြိတ်ခရိုင်ဆီကုန်သည်များအသင်း အတွင်းရေးမှူး ဦးကျော်ကျော်စိုးက ပြောသည်။ **မြင့်ဦး(မြိတ်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၆၅ | ၂၄၁၀ | ၂၄၀၅ | ၂၃၇၅ | ၂၄၁၀ | ၂၄၃၅ | ၂၄၂၀ | ၂၄၀၀ | ၂၄၉၀ | ၂၅၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၅၀ | ၂၄၅၀ | ၂၆၇၀ | ၂၉၇၅ |
| 95 Ron | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၀၀ | ၂၄၈၀ | ၂၅၇၀ | ၂၅၈၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၂၅ | ၂၅၃၀ | ၂၅၃၀ | ၂၇၅၀ | ၃၀၄၅ |
| HSD (500 ppm) | ၂၇၀၀ | ၂၇၅၀ | ၂၇၄၅ | ၂၇၁၀ | ၂၇၄၅ | ၂၇၇၀ | ၂၇၆၅ | ၂၇၃၅ | ၂၈၄၅ | ၂၈၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၇၈၀ | ၂၇၈၅ | ၂၇၈၅ | ၃၀၀၅ | ၃၄၂၀ |
| HSD (50 ppm) | ၂၇၈၀ | ၂၈၂၅ | ၂၈၂၀ | ၂၇၈၅ | ၂၈၂၀ | ၂၈၄၅ | ၂၈၄၀ | ၂၈၁၀ | ၂၉၂၅ | ၂၉၂၀ | ၂၈၁၅ | ၂၈၂၅ | ၂၈၆၀ | ၂၈၆၀ | ၂၈၆၀ | ၃၀၈၀ | ၃၄၅၅ |
| HSD (10 ppm) | ၂၇၈၀ | ၂၈၂၅ | ၂၈၂၀ | ၂၇၈၅ | ၂၈၂၀ | ၂၈၄၅ | ၂၈၄၀ | ၂၈၁၀ | ၂၉၂၅ | ၂၉၂၀ | ၂၈၁၅ | ၂၈၂၅ | ၂၈၆၀ | ၂၈၆၀ | ၂၈၆၀ | ၃၀၈၀ | ၃၄၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၅၇ | ၂၃၃၆ |
| 95 Ron | ၂၃၃၅ | ၂၄၁၅ |
| HSD (500 ppm) | ၂၅၈၂ | ၂၆၆၃ |
| HSD (50 ppm) | ၂၆၅၆ | ၂၇၃၉ |
| HSD (10 ppm) | ၂၆၅၆ | ၂၇၃၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❒ ကျောဖုံးမှ

၄။ သို့ဖြစ်ပါ၍ စက်သုံးဆီအရောင်းဆိုင်များမှ ရောင်းချမှုများ ရပ်တန့်ထားခြင်း၊ အကန့်အသတ်ဖြင့်ရောင်းချခြင်းများကို တွေ့ရှိပါက သက်ဆိုင်ရာ နယ်မြေဒေသအလိုက် ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ**

ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
၀၆၇-၄၁၁၁၂၉ / ၀၉- ၄၄၀၄၃၃၅၃၃
၀၆၇-၄၀၉၈၈၁ / ၀၉- ၆၉၉၆၁၁၁၁၆

နေပြည်တော်
၀၉-၅၂၄၀၃၆၃ / ၀၆၇-၃၂၂၀၃၆

မန္တလေးတိုင်းဒေသကြီး
၀၉- ၅၁၄၃၂၄၄ / ၀၂ - ၄၀၃၉၂၀၉

မကွေးတိုင်းဒေသကြီး
၀၉- ၅၃၄၀၅၄၈ / ၀၆၃- ၂၀၂၆၈၆၀

စစ်ကိုင်းတိုင်းဒေသကြီး
၀၉- ၂၅၂၀၀၄၄၄၇ / ၀၇၁- ၂၀၂၁၀၈၃

ကချင်ပြည်နယ်
၀၉- ၅၄၀၈၄၂၇ / ၀၇၄- ၂၅၂၂၇၃၄

ကရင်ပြည်နယ်
၀၉-၅၀၅၃၅၈၄ / ၀၅၈ - ၂၁၀၄၅

မွန်ပြည်နယ်
၀၉- ၂၅၅၇၂၄၃၉၅ / ၀၅၇ - ၂၀၂၄၄၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)
၀၉-၂၀၀၂၂၄၄ / ၀၈၂- ၂၂၀၃၀၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)
၀၉- ၉၅၃၃၄၄၉၂၁/ ၀၈၁- ၂၀၂၁၃၁၄

ရန်ကုန်တိုင်းဒေသကြီး
၀၉-၅၁၅၀၁၃၀ / ၀၁-၈၂၉၂၁၂၄

ပဲခူးတိုင်းဒေသကြီး
၀၉ - ၅၁၄၈၅၀၅ / ၀၅၂ - ၂၂၂၁၉၈၉

ဧရာဝတီတိုင်းဒေသကြီး
၀၉- ၉၇၆၄၈၂၅၆၃ / ၀၄၂ - ၂၁၂၃၉

တနင်္သာရီတိုင်းဒေသကြီး
၀၉-၂၅၄၁၆၇၈၉၂

ကယားပြည်နယ်
၀၉ - ၅၁၂၉၁၈၉ / ၀၈၃- ၂၂၁၀၇၃

ချင်းပြည်နယ်
၀၉- ၂၄၅၀၀၄၃ / ၀၇၀- ၂၀၂၁၁၂၃

ရခိုင်ပြည်နယ်
၀၉- ၄၂၁၇၃၅၆၄၄ / ၀၄၃- ၂၃၂၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)
၀၉- ၂၀၂၈၂၂၈ / ၀၈၁- ၂၃၄၅၀၁၂

သက်ဆိုင်ရာမြို့နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန



## ဝေါ၌ ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၆၀၀ ဖြင့် ရောင်းချ

ဝေါ ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်းရှိ ပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ယနေ့နံနက်ပိုင်းမှစတင်၍ ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၆၀၀ နှုန်းဖြင့် ရပ်ကွက်များအတွင်း လိုက်လံရောင်းချပေးလျက်ရှိသည်။

**လိုက်လံရောင်းချ**

ထိုသို့ လိုက်လံရောင်းချရာတွင် မြို့နယစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် တာဝန်ရှိသူများ ကြီးကြပ်ကာ တစ်အိမ်ထောင်လျှင် ငါးပြည်နှုန်းဖြင့် လိုက်လံရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အောင်မြတ်လင်း (ပြန်/ဆက်)

# မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလမ်းမပေါ်မှ သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်ကားလမ်း အဆင့်မြှင့်တင်

ခရမ်းစိုးမြင့်



မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးလမ်းပေါ်မှ သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်ကားလမ်းတစ်နေရာကို တွေ့ရစဉ်။

သိန္နီ- ကွမ်းလုံ -ချင်းရွှေဟော်လမ်းပိုင်းဖြစ်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်အထွက် မန္တလေး-လားရှိုး-မူဆယ် အဝေးပြေးလမ်းမကြီး မိုင်တိုင်အမှတ်(၂၀၆/၄) မှ ညာဘက်သို့ ခွဲထွက်၍ လားရှိုးခရိုင် ကွမ်းလုံမြို့နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မြန်မာ-တရုတ်နယ်စပ် ချင်းရွှေဟော်မြို့အထိ အရှည် ၆၆ မိုင်ရှိသည်။

၎င်းလမ်းပိုင်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ် (မနသ- ၂၅၃/၉၉)အရ မိုင်တိုင်အမှတ် (၀/၀ မှ ၆၆/၀)အထိ ၆၆ မိုင်ကို လမ်းပြုပြင် ဖောက်လုပ်ရေးလုပ်ငန်းများနှင့် လမ်းအသုံးပြုခကောက်ခံခြင်းလုပ်ငန်းများကို ယခင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းထံမှ စာချုပ်အမှတ်- PW/AW/99-2000/MLM/TR-01 ဖြင့် ၁၉၉၉ ခုနှစ် ဇူလိုင်လတွင် လွှဲပြောင်းရယူကာ B.O.T စနစ်ဖြင့် Oriental Highway Co.,Ltd က စတင်ဆောင်ရွက်ခဲ့သည်။

ယင်းသို့ B.O.T ရယူပြီးနောက် ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ၁၂ ပေ အကျယ် ကတ္တရာခင်းခြင်း၊ တစ်ဖက်လျှင် သုံးပေအကျယ်ရှိ အမာခံလမ်းပခုံး တည်ဆောက်ခြင်းလုပ်ငန်း၊ တံတားနှင့် ရေပြွန်များ ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများကို ငွေကျပ်၁ ဒသမ ၂၇၆ သန်းအကုန်အကျခံ ဆောင်ရွက်ခဲ့ပြီး လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ချင်းရွှေဟော်မြို့၌ ကျင်းပပြုလုပ်ခဲ့သည်။

**ဘေလီတံတားများနေရာတွင် သံကူကွန်ကရစ်တံတားကြီး ခြောက်စင်း**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နယ်စပ်ကုန်စည်စီးဆင်းမှု နေ့စဉ်ယာဉ်အစီးရေ များပြားလာပြီး အများပြည်သူများ အချိန်မီလွယ်ကူစွာ သွားလာနိုင်ရေးတို့အတွက် မူလလမ်းအကျယ် ၁၂ ပေ ကတ္တရာလမ်း အမျိုးအစားမှ ၂၄ ပေ အကျယ် နိုင်လွန်ကတ္တရာ (Asphalt Concrete)လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို ၁.၄.၂၀၁၂ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပြီး ၃၁.၁၂.၂၀၁၄ ရက်နေ့တွင် ၆၆ မိုင်ကို ၇၀၅၂၉ ဒသမ ၂၉၃ သန်း ရင်းနှီးမြှုပ်နှံ၍ အဆင့်မြှင့်တင်ပြီးစီးခဲ့သည်ဟု သိရသည်။

ထို့ပြင် သိန္နီ-ကွမ်းလုံ- ချင်းရွှေဟော်လမ်းပိုင်းပေါ်တွင် ယခင်ဘေလီတံတားများနေရာတွင် သံကူကွန်ကရစ်တံတားကြီး ခြောက်စင်းနှင့် Culvert and Bridges ၃၈၃ စင်း၊ မြေထိန်းနံရံ (Retaining Wall) ၂၆ ခု တို့ကိုလည်း တည်ဆောက်ပေးခဲ့သည်ဟု သိရသည်။

**သက်တမ်း ၅၇ နှစ်ရှိ ၇၈၉ ပေအရှည်ရှိသော ကွမ်းလုံကြိုးတံတားကြီး**

သိန္နီ - ကွမ်းလုံ - ချင်းရွှေဟော် လမ်းပိုင်းတွင် လမ်းအသုံးပြုခ ကောက်ခံရေးစခန်း (Toll Gate)များကို ပန်လော့တိုးလ်ဂိတ်(မိုင်တိုင် ၀/၆)၊ နမ့်စလပ်တိုးလ်ဂိတ် (မိုင်တိုင် ၁၉/၄)၊ ကွမ်းလုံတိုးလ်ဂိတ်(မိုင်တိုင် ၅၀/၄) တို့ကို ဖွင့်လှစ်ကောက်ခံလျက်ရှိသည်။ ကွမ်းလုံမြို့အဝင် မိုင်တိုင် (၅၂/၀) ၌ ၁၉၆၅ ခုနှစ်တွင် မြန်မာ - တရုတ် ချစ်ကြည်ရေးအရ တည်ဆောက်ခဲ့သည့် သက်တမ်း ၅၇ နှစ်ရှိ ၇၈၉ ပေအရှည်ရှိသော ကွမ်းလုံကြိုးတံတားကြီး (Suspension Bridge) တည်ရှိသည်။ ၎င်းတံတားကြီး၏ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၏လမ်းညွှန်မှုကို ခံယူ၍ Oriental Highway Co.,Ltd သည် ပုံမှန်ဆောင်ရွက်လျက်ရှိရာ တံတားကြီး၏ မူလကြမ်းခင်းများမှာ သစ်သားကြမ်းခင်းများဖြစ်ပြီး နှစ်ကာလကြာလာသဖြင့် ပျက်စီးယိုယွင်းလာ၍ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် Steel Decking စတီးလ်ပြားများဖြင့် ပြောင်းလဲတပ်ဆင်ခဲ့သည်။ လက်ရှိတွင် တံတားဟောင်းကြီး၏ ခံနိုင်ဝန်မှာ ၂၅ တန်ဖြင့် ယာဉ်များ ဖြတ်သန်းသွားလာလျက်ရှိသည်။

**သံလွင်မြစ်ကူးတံတားသစ် တစ်စင်း**

ကွမ်းလုံ ကြိုးတံတားကြီး၏ သက်တမ်းသည် ကြာရှည်လာပြီး တန်ချိန် ကန့်သတ်ချက်များကြောင့် သံလွင်မြစ်ကူးတံတားသစ် တစ်စင်း ထပ်မံလိုအပ်လာသဖြင့် အဆိုပါ လိုအပ်ချက်အား နိုင်ငံတော်၏စီမံပေးမှုအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Grant AID အစီအစဉ်ဖြင့် ကွမ်းလုံမြို့နယ်အနီး သိန္နီ - ကွမ်းလုံ - ချင်းရွှေဟော်လမ်းမကြီးပေါ်ရှိ မိုင်တိုင် ၄၉/၆-၇ နေရာတွင် အရှည် ၂၈၆ မီတာရှိသော သံကူကွန်ကရစ် Box Girder အား တရုတ်ပညာရှင်များအဖွဲ့က ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှစတင် တည်ဆောက်လျက်ရှိသည်။ တံတားနှင့်အတူ ချဉ်းကပ်လမ်းအရှည် ၃ ဒသမ ၉၇၅ ကီလိုမီတာနှင့် မြေထိန်းနံရံများလည်း ပူးတွဲတည်ဆောက်ပေးလျက်ရှိသည်။

**လေးလမ်းသွား ခေတ်မီကွန်ကရစ်တံတားကြီး**

အဆိုပါ ကွမ်းလုံတံတားအမှတ်(၂) သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွမ်းလုံမြို့အနီး လားရှိုး-သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော် တရုတ်နယ်စပ်ကုန်သွယ်ရေးကားလမ်းပေါ်ရှိ သံလွင်မြစ်ကို ဖြတ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ရှိ China Yunan Sunny Road Bridge Co.,Ltd မှ တာဝန်ယူတည်ဆောက်လျက်ရှိသည်။ ကွမ်းလုံအမှတ်(၂)တံတားသည် လက်ရှိ ကွမ်းလုံအမှတ်(၁) ကြိုးတံတား၏အထက် လေးမိုင်ခန့်အကွာတွင်ဖြစ်ပြီး တံတားအမျိုးအစားမှာ ကြိုတင်အားဖြည့်သေတ္တာပုံရက်မ သံကူကွန်ကရစ်တံတား (Baland Conti-Lever Type Prestressed Concrete Box Girder Bridge)ဖြစ်သည်။ တံတားအရှည်မှာ ၂၈၆ မီတာ၊ တံတားအကျယ် ၁၂ မီတာ၊ လေးလမ်းသွားခေတ်မီ ကွန်ကရစ်တံတားကြီးဖြစ်ပြီး ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများသည် တံတားတည်ဆောက်ရန် အကြိုအင်ဂျင်နီယာ လုပ်ငန်းဖြစ်သော Feasibility Study (F.S) ပြုလုပ်ရေးနှင့်ပတ်သက်၍ Memorandum of Understanding (MoU)ကို နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့သည် ကွမ်းလုံတံတားသစ်စီမံကိန်း အကူအညီပေးရေးဆိုင်ရာ စာလွှာလက်မှတ်ရေးထိုးခြင်း၊ လဲလှယ်ခြင်းများကို ၂၀.၃.၂၀၁၈ ရက်နေ့က နေပြည်တော်၌ ပြုလုပ်ခဲ့သည်။ အထက်ပါ သဘောတူညီချက်များအရ တရုတ်အင်ဂျင်နီယာ ၂၅ ဦးတို့သည် ၂၂.၃.၂၀၁၉ မှ ၁၅.၅.၂၀၁၉ ရက်နေ့အတွင်း ကွမ်းလုံမြို့တံတားအသစ်တည်ဆောက်မည့်နေရာသို့ သွားရောက်၍ အကြိုအင်ဂျင်နီယာ Feasibility Study(F.S) လုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကွမ်းလုံ တံတားဟောင်းကြီးသည် ၁၉၆၅ ခုနှစ်မှ စတင်တည်ဆောက်သုံးစွဲလာခဲ့ရာ သက်တမ်းသည် ၅၇ နှစ်ရှိပြီး ပျက်စီးစပြုနေပြီဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ တာဝန်ရှိသူများက အကြိမ်ကြိမ်လာရောက်စစ်ဆေးပြီးနောက် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေများဖြင့် သစ်သားကြမ်းခင်းများအစား သံမဏိသံပေါင်ကြမ်းခင်းများဖြင့် လဲလှယ်ခြင်းလုပ်ငန်းကို B.O.T ယူထားသော Oriental Highway Co.,Ltd နှင့် ပူးပေါင်းပြုပြင်သုံးစွဲနေခဲ့ရာမှ ယခုအခါ ကွမ်းလုံတံတားအသစ်အမှတ်(၂)ကို တရုတ်နိုင်ငံအကူအညီဖြင့် တည်ဆောက်နေခြင်းဖြစ်သည်။ သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော် လမ်းပိုင်းသည် တောင်ပေါ်လမ်းဖြစ်သည်နှင့်အညီ တောင်အတက်အဆင်း၊ အကွေ့အကောက်များရှိပြီး မိုင်တိုင် ၃၉ မှ ၄၃ အထိ အရှည် လေးမိုင်ခန့်မှာ ဖြုန်းတောင်ဧရိယာဖြစ်ပြီး ယခင်ကာလများက ဖြုန်းများ မကြာခဏပြိုကျခြင်းကြောင့် ကတ္တရာခင်းခြင်း မဆောင်ရွက်နိုင်ဘဲ ပြိုကျမြေများကို ဖယ်ရှားရန် ဖြုန်းတောင်ပေါ်၌ မြေထိုးစက်များထား၍ဆောင်ရွက်နေရသည်ဟု သိရသည်။ ယခုအခါ ဖြုန်းတောင်အပိုင်း လေးမိုင်ကိုလည်း AC လမ်းအဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က လမ်းအဆင့်ကိုမြှင့်တင်**

သိန္နီ - ကွမ်းလုံ - ချင်းရွှေဟော် ကားလမ်းသည် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့် လမ်းကြောင်းတစ်ခု ဖြစ်ခြင်းကြောင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က လမ်းအဆင့်ကို မြှင့်တင်တည်ဆောက်ပေးခဲ့သလို လက်ရှိ Traffic အရ နေ့စဉ် ကားအစီး ၂၂၀၀ သာ သွားလာမောင်းနှင်လျက် ရှိသေးသည့်အတွက် စီးပွားဖြစ်လိုအပ်သော AADT ကားအစီးရေ ၆၅၀၀ သွားလာနိုင်သည့် လမ်းအဖြစ်ရောက်ရှိရေးအတွက်ကို ဦးတည်ဆောင်ရွက်လျက် ရှိနေကြောင်းကို Oriental Highway ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင် ဦးတင်ကိုကိုက ရှင်းလင်းတင်ပြသည်။ ။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နယ်စပ်ကုန်စည်စီးဆင်းမှု နေ့စဉ်ယာဉ်အစီးရေ များပြားလာပြီး အများပြည်သူများ အချိန်မီလွယ်ကူစွာသွားလာနိုင်ရေးတို့အတွက် မူလလမ်းအကျယ် ၁၂ ပေ ကတ္တရာလမ်း အမျိုးအစားမှ ၂၄ ပေ အကျယ် နိုင်လွန်ကတ္တရာ (Asphalt Concrete) လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို ၁.၄.၂၀၁၂ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပြီး ၃၁.၁၂.၂၀၁၄ ရက်နေ့တွင် ၆၆ မိုင်ကို ၇၀၅၂၉ ဒသမ ၂၉၃ သန်း ရင်းနှီးမြှုပ်နှံ၍ အဆင့်မြှင့်တင်ပြီးစီးခဲ့သည်ဟု သိရသည်။

ထို့ပြင် သိန္နီ-ကွမ်းလုံ- ချင်းရွှေဟော်လမ်းပိုင်းပေါ်တွင် ယခင်ဘေလီတံတားများနေရာတွင် သံကူကွန်ကရစ်တံတားကြီး ခြောက်စင်းနှင့် Culvert and Bridges ၃၈၃ စင်း၊ မြေထိန်းနံရံ (Retaining Wall) ၂၆ ခုတို့ကိုလည်း တည်ဆောက်ပေးခဲ့

# ဓာတ်ခွဲနမူနာစုစုပေါင်း ၇၀၉၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၇,၀၉၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၂၄,၉၀၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၄၀၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၃,၀၉၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၅) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်း ရောက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
| --- | --- | --- |
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၄) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၄) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၇၃) ခု | (၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၅၇) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၉၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၆၂၈) ခု | - |
| စုစုပေါင်း | (၇,၀၉၇) ခု | (၁၈) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
| --- | --- | --- | --- | --- |
| ၁။ | အမေရိကန် | ၉၄၆၈၈၁၆၈ | ၈၉၉၀၇၅၈၅ | ၁၀၆၂၃၄၃ |
| ၂။ | အိန္ဒိယ | ၄၄၂၆၈၃၈၁ | ၄၃၆၂၃၈၀၄ | ၅၂၇၀၆၉ |
| ၃။ | ပြင်သစ် | ၃၄၂၂၉၄၄၁ | ၃၃၃၉၀၃၉၃ | ၁၅၃၀၆၄ |
| ၄။ | ဘရာဇီး | ၃၄၁၇၁၆၄၄ | ၃၂၉၄၅၉၅၃ | ၆၈၁၅၅၀ |
| ၅။ | ဂျာမနီ | ၃၁၅၃၅၃၄၃ | ၃၀၂၁၇၇၀၀ | ၁၄၅၆၉၈ |
| ၆။ | ဗြိတိန် | ၂၃၄၂၀၈၂၆ | ၂၃၀၂၃၆၈၇ | ၁၈၆၀၈၇ |
| ၇။ | အီတလီ | ၂၁၄၉၉၅၃၁ | ၂၀၄၄၇၉၀၁ | ၁၇၄၀၆၀ |
| ၈။ | တောင်ကိုရီးယား | ၂၁၄၁၈၀၃၆ | ၁၉၅၀၉၆၁၉ | ၂၅၆၇၃ |
| ၉။ | ရုရှား | ၁၈၉၀၇၂၃၁ | ၁၈၁၅၁၄၈၇ | ၃၈၃၁၇၈ |
| ၁၀။ | တူကီယဲ | ၁၆၂၉၅၈၁၇ | ၁၅၈၇၅၁၂၂ | ၉၉၆၇၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
| --- | --- | --- | --- | --- |
| ၁။ | ဗီယက်နမ် | ၁၁၃၆၇၄၇၉ | ၁၀၀၂၉၈၂၆ | ၄၃၀၉၈ |
| ၂။ | အင်ဒိုနီးရှား | ၆၂၈၆၃၆၂ | ၆၀၇၆၈၃၇ | ၁၅၇၂၄၇ |
| ၃။ | မလေးရှား | ၄၇၃၅၅၄၇ | ၄၆၅၆၀၃၁ | ၃၆၀၈၅ |
| ၄။ | ထိုင်း | ၄၆၂၂၀၈၈ | ၄၅၆၉၉၇၄ | ၃၁၈၆၁ |
| ၅။ | ဖိလစ်ပိုင် | ၃၈၃၅၄၂၂ | ၃၇၃၅၃၆၂ | ၆၁၀၇၈ |
| ၆။ | စင်ကာပူ | ၁၇၉၄၀၆၉ | ၁၇၀၈၀၈၀ | ၁၅၅၉ |
| ၇။ | မြန်မာ | ၆၁၄၄၀၇ | ၅၉၃၀၉၉ | ၁၉၄၃၅ |
| ၈။ | ဘရူနိုင်း | ၂၁၅၂၈၃ | ၂၁၄၆၃၉ | ၂၂၅ |
| ၉။ | လာအို | ၂၁၂၄၄၃ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၂၆၄ | ၁၃၃၉၅၈ | ၃၀၅၆ |

## မြန်အောင်၌ သဘာဝရေပြင်(ဧရာဝတီမြစ်)အတွင်းသို့ ငါးသားပေါက်ကောင်ရေသုံးသိန်း ငါးမျိုးစိုက်ထည့်

မြန်အောင် ဩဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင်(ဧရာဝတီမြစ်)အတွင်းသို့ ငါးသားပေါက်ကောင်ရေ သုံးသိန်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်တွင် မြန်အောင်မြို့ ပြည်တော်အေးဘုရားအနီး ဧရာဝတီသဘော်ဆိပ်၌ ကျင်းပသည်။

ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းရေး၊ ငါးရိက္ခာ ဖူလုံစေရေးတို့အတွက် သဘာဝရေပြင်(ဧရာဝတီမြစ်)အတွင်းသို့ နှစ်လက်မ အရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ သုံးသိန်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်အေးမြင့်ဦးထံမှ သိရသည်။

သဘာဝရေပြင်(ဧရာဝတီမြစ်)အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ မြန်အောင်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုရဲမှူးကြီး မြင့်ကျော်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်သူရိန်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြန်အောင်ခရိုင်ဦးစီးမှူး တင်မြိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ချစ်မောင်၊ ဟင်္သာတခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးပိုင်၊ ငါးလုပ်ငန်း စခန်းတာဝန်ခံနှင့်ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၊ ဌာန ဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေး



စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်၍ ဧရာဝတီမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ပါဝန်ပြည်နယ်၌ ရုတ်တရက်ရေကြီးမှုကြောင့် အနည်းဆုံး ၁၇ ဦးသေဆုံး



ကဘူးလ် ဩဂုတ် ၁၅

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ပါဝန်ပြည်နယ် ရှင်ဝါရီခရိုင်နှင့် ဆက်စပ်ဒေသများ၌ ဩဂုတ် ၁၄ ရက်က ရုတ်တရက်ရေကြီးမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် အနည်းဆုံး ၁၇ ဦးသေဆုံးခဲ့ကြောင်း ရှင်ဝါရီခရိုင်အကြီးအကဲ မူလာခန်မိုဟာမက်က ဩဂုတ် ၁၅ ရက်တွင် ပြောကြားသည်။

ဩဂုတ် ၁၄ ရက်ညနေပိုင်းက ဖြစ်ပွားခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုများမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သော ရုတ်တရက်ရေကြီးမှုများကြောင့် ရှင်ဝါရီခရိုင်၌ ၁၃ ဦးသေဆုံးခဲ့ပြီး အခြားသောလေးဦးသည် အိမ်နီးချင်း ဆီယာဂတ်ခရိုင်၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

လက်ရှိအချိန်တွင် ကျေးရွာသားအများအပြားသည်လည်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။ ထို့ပြင် သေကျေဒဏ်ရာရရှိသူအရေအတွက်နှင့် ပျက်စီးမှုအရေအတွက်နှင့်စပ်လျဉ်း၍ ယခုအချိန်အထိ အတိအကျမသိရှိရသေးကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ပြီးခဲ့သည့်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၉၁၇ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ ဩဂုတ် ၁၅

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၉၁၇ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၄၂၆၈၃၈၁ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာ ၁၁၇၅၀၈ ဦးရှိကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၇၀၆၉ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၄၂၃၈ ဦး ရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၆၂၃၈၀၄ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ နှစ်ဘီလီယံကျော် အသုံးပြုပြီးဖြစ်ကြောင်းနှင့် လူဦးရေ သန်း ၈၈၀ ကျော်အား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်



# ယခုနှစ်ဒုတိယသုံးလအတွင်း ထိုင်းနိုင်ငံ၏ စီးပွားရေး ၂ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်

ဗန်ကောက် ဩဂုတ် ၁၅

ထိုင်းနိုင်ငံ၏ စီးပွားရေးသည် ယခုနှစ် ဒုတိယသုံးလအတွင်း ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်ကုန်တန်ဖိုးသည် ယခုနှစ်နှစ်ဝက်အတွင်း ၂ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်လာကြောင်း အမျိုးသားစီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးကောင်စီက ပြောသည်။ နိုင်ငံ၏ ဒုတိယသုံးလအတွင်း စီးပွားရေး တိုးတက်မှုသည် နိုင်ငံ၏ မျှော်မှန်းထားသည့် ဈေးကွက်ဆိုင်ရာ စီးပွားရေးတိုးတက်မှု ရာခိုင်နှုန်းဖြစ်သည့် ၃ ဒသမ ၁ ထက် လျော့နည်းသော်လည်း ပထမသုံးလ အတွင်းက စီးပွားရေးတိုးတက်မှု ရာခိုင်နှုန်းဖြစ်သည့် ၂ ဒသမ ၃ ရာခိုင်နှုန်းထက် များပြားကြောင်း သိရသည်။ ယခုကဲ့သို့ ဒုတိယသုံးလအတွင်း နိုင်ငံ၏ စီးပွားရေး တိုးတက်လာခြင်းသည် နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ပြန်လည် ဆောင်ရွက်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ပြန်လည်ဖြေလျှော့ ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုနှစ်အတွင်း နိုင်ငံ၏ စီးပွားရေးသည် ၂ ဒသမ ၇ ရာခိုင်နှုန်းမှ ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်မည်ဟု ခန့်မှန်းထား သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# နျူကလီးယားဆွေးနွေးပွဲ တိုးတက်မှုများရရှိဟု အီရန်ပြောကြား

တီဟီရန် ဩဂုတ် ၁၅

ဗီယင်နာတွင်ကျင်းပနေသည့် နျူကလီးယားဆွေးနွေးပွဲများတွင် တိုးတက်မှုများတွေ့ရှိနေရပြီး အီရန်နိုင်ငံ၏ တောင်းဆိုချက်များအတိုင်း ဖြစ်လာပါက သဘောတူညီချက်ရရှိမည်ဟု အီရန်နိုင်ငံက ပြောကြားခဲ့သည်။ ၎င်းဆွေးနွေးပွဲအတွင်း သဘောတူညီချက်ရရှိရန် နီးကပ်လာပြီဖြစ်သော်လည်း အီရန်နိုင်ငံ၏ တောင်းဆိုချက်များကို အနောက်နိုင်ငံများမှ လိုက်နာစေရေးနှင့် အီရန်နိုင်ငံ၏ အကျိုးစီးပွားဖြစ်လာစေရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်နေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နဆာကနက်က ပြောကြားသည်။

၎င်းနျူကလီးယားအရေး ဆွေးနွေးပွဲကို ငါးလကြာမျှ ရပ်နားထားခဲ့ပြီးနောက် ဗီယင်နာမြို့တွင် ဩဂုတ်လအစောပိုင်းက ပြန်လည်ကျင်းပခဲ့သည်။

ယခုကဲ့သို့ ဆွေးနွေးပွဲပြန်လည်ကျင်းပပြီးနောက် ဩဂုတ် ၈ ရက်တွင် ၎င်းနျူကလီးယားသဘောတူညီချက်မူကြမ်းကို ဥရောပသမဂ္ဂက ရေးဆွဲခဲ့ကာ ပါဝင်ဆွေးနွေးဖက်နိုင်ငံများ၏ အတည်ပြုချက်ရရှိရေးအတွက် စောင့်ဆိုင်းနေသည်။ အီရန်နိုင်ငံ၏ ၎င်းသဘောတူညီချက်အားထားရှိသည့်သဘောထားကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း နဆာကနက်က ပြောကြားသည်။ အီရန်နိုင်ငံသည် ၂၀၁၅ ခုနှစ် ဇူလိုင်တွင် အနောက်နိုင်ငံများနှင့် နျူကလီးယားသဘောတူညီချက်ရရှိခဲ့သော်လည်း အမေရိကန်သမ္မတဟောင်းထရမ့်လက်ထက်တွင် ၎င်းသဘောတူညီချက်မှ နုတ်ထွက်ခဲ့ပြီး အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၂၀၇၈ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် ဩဂုတ် ၁၅

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၂၀၇၈ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၄၁၈၀၃၆ ဦး ရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောသည်။

ပြောကြား

နိုင်ငံအတွင်း နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည် ၁၁၉၆၀၃ ဦးထက် လျော့နည်းခဲ့သော်လည်း ပြီးခဲ့သည့်သီတင်းပတ်အတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၅၂၆၂ ဦးထက် များပြားကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်သည် ၁၂၄၈၂၉ ဦး ရှိသည်။

နိုင်ငံအတွင်း ပြည်ပမှပြန်လည်ရောက်ရှိလာသူ ၅၁၈၉၅ ဦးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ နိုင်ငံအတွင်းကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၅၆၇၃ ဦးရှိသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ပြင်းထန်စွာခံစားနေရသူ ၅၂၁ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၉၅၀၉၆၁၉ ဦး ရှိသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၉)ရပ်ကွက် သဇင်လမ်းနေ သိမ့်သိမ့်တင်ဦး(ခ) မသိမ့်သည် ၎င်းအသုံးပြုသည့် "Emeral Theint" Facebook အကောင့်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးအရှေ့ရပ်ကွက်နေ ဂရေစီရှိုင်းသည် ၎င်းအသုံးပြုသည့် "Gracy Shine" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် ကော့ကရိတ်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ခင်နိမ်းမူဂိတ်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး(ကော့ကရိတ်)သို့ KKO အဖွဲ့နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့က လာရောက်ပစ်ခတ်သည့် ဖြစ်စဉ်နေရာပြမြေပုံ။

# ကော့ကရိတ်မြို့နယ်အတွင်း KKO အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်

နေပြည်တော် ဩဂုတ် ၁၅

ကရင်ပြည်နယ် ကော့ကရိတ်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြို့အထွက်ရှိ ခင်နိမ်းမူဂိတ်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတို့အား ယနေ့နံနက်ပိုင်းတွင် အရပ်ဝတ်များဝတ်ဆင်ထားသည့် KKO အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် မော်တော်ယာဉ်များဖြင့် လာရောက်၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြမ်းဖက်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအနီးရှိ မြို့နယ်ဥပဒေရုံးအတွင်းသို့ ဝင်ရောက်၍ စာရွက်စာတမ်းများအား မီးရှို့ဖျက်ဆီးပြီး အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်အဖွဲ့များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံချေမှုန်းတိုက်ခိုက်လျက်ရှိကြောင်းနှင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခံရသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်၊ ဒုတိယမြို့တော်ဝန်ဟောင်း ဦးရဲမင်းဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်ဟောင်း ဦးမင်းသူတို့အပေါ် အမိန့်ချမှတ်

နေပြည်တော် ဩဂုတ် ၁၅

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၏ ဆောင်ရွက်မှုများတွင် အဂတိလိုက်စားမှုများရှိသောကြောင့် ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးခဲ့ရာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအတွက် နေပြည်တော်ရှိ လရောင်တော စိုက်ပျိုးသက်မွေးပညာသင်တန်းကျောင်းစီမံကိန်း ဆောင်ရွက်ရန် ဥတ္တရသီရိမြို့နယ်ရှိ မြေဧရိယာ ၁၀၁ ဒသမ ၃၃ ဧကနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ မြေဧရိယာ ၂၃ ဒသမ ၈၅၅ ဧကကို နေပြည်တော် စည်ပင်သာယာရေး ကော်မတီထံမှလျှောက်ထားရယူခဲ့ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းမဟုတ်ဘဲ ရာထူးအရှိန်အဝါကို အသုံးပြု၍ ထိုက်သင့်သည့်တန်ဖိုးထက် များစွာလျှော့နည်း ပေးချေခဲ့သဖြင့် နိုင်ငံတော်မှ ငွေကျပ် ၁၉ ဘီလီယံကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် နေထိုင်ရန် အဆောက်အဦနေအိမ်ကို အများပြည်သူမှ ထည့်ဝင်လှူဒါန်းထားသော အလှူငွေများထဲမှ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်ကို မလျော်ကြံဖြစ်သုံးပြု၍ သုံးစွဲဆောက်လုပ်စေခဲ့ကြောင်း။

ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း(ရုံးချုပ်)ဖွင့်လှစ်ရန် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၆၀)ရှိ မြေ ၁ ဒသမ ၈၆ ဧကနှင့် အဆောက်အဦတို့ကို လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ပြီး ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ငှားရမ်းဆောင်ရွက်စေခဲ့ခြင်းကြောင့် နိုင်ငံတော်က ငွေကျပ်သန်း ၅၂၀၀ ကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။

နေပြည်တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်၊ ဒုတိယမြို့တော်ဝန်ဟောင်း ဦးရဲမင်းဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်ဟောင်း ဦးမင်းသူတို့သည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအား နေပြည်တော်ရှိ လရောင်တော စိုက်ပျိုးသက်မွေးပညာ သင်တန်းကျောင်း စီမံကိန်းဆောင်ရွက်ရန်အတွက် ဥတ္တရသီရိမြို့နယ်ရှိ တစ်ဆက်တစ်စပ်တည်းဖြစ်သော မြေဧရိယာ ၁၀၁ ဒသမ ၃၃ ဧကနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ မြေဧရိယာ ၂၃ ဒသမ ၈၅၅ ဧက လျှောက်ထားရယူရာတွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြုလုပ်သော နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၀)မှ မြေနေရာချပေးခြင်းနှင့် မြေငှားစာချုပ်(မြေဂရန်) ထုတ်ပေးရာတွင် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျော်လွန်၍ ခွင့်ပြုပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ လည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်၊ ဒုတိယမြို့တော်ဝန်ဟောင်း ဦးရဲမင်းဦး၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်ဟောင်း ဦးမင်းသူတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅/၆၃ အရ လည်းကောင်း ၂၀၂၁ ခုနှစ် ဇူလိုင် ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားစွဲတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၃/၂၀၂၁၊ ၄/၂၀၂၁၊ ၅/၂၀၂၁၊ ၂၅/၂၀၂၁ တို့ဖြင့် မန္တလေးတိုင်းဒေသကြီးသီးသန့်တရားရုံး(နေပြည်တော်)တွင် ရုံးထိုင်စစ်ဆေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်က ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၁၅ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်အား ရာဇဝတ်ကြီးမှုအမှတ် ၃/၂၀၂၁၊ ၄/၂၀၂၁၊ ၅/၂၀၂၁၊ ၂၅/၂၀၂၁ အမှု လေးမှုအတွက် တစ်မှုလျှင် ထောင်ဒဏ် သုံးနှစ်စီဖြင့် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး ရာဇဝတ်ကြီးမှုအမှတ် ၃/၂၀၂၁၊ ၄/၂၀၂၁၊ ၅/၂၀၂၁ အမှုသုံးမှုအတွက် ထောင်ဒဏ်ကို တစ်ပေါင်းတည်း ကျခံစေရန်၊ ဒေါက်တာမျိုးအောင်အား ရာဇဝတ်ကြီးမှုအမှတ် ၃/၂၀၂၁၊ ၄/၂၀၂၁ အမှုနှစ်မှုအတွက် ထောင်ဒဏ်သုံးနှစ် တစ်ပေါင်းတည်း ကျခံစေရန်၊ ဦးရဲမင်းဦးအား ရာဇဝတ်ကြီးမှုအမှတ် ၄/၂၀၂၁ အမှုတစ်မှုအတွက် ထောင်ဒဏ်သုံးနှစ်၊ ဦးမင်းသူအား ရာဇဝတ်ကြီးမှုအမှတ် ၃/၂၀၂၁ အမှု တစ်မှုအတွက် ထောင်ဒဏ်သုံးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပွင့်ဖြူငါးလုပ်ငန်းစခန်း၌ ရေချိုငါးများ ဆေးထိုးသားဖောက်သင်တန်းဖွင့်

ပွင့်ဖြူ ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းသင်တန်းကို ဩဂုတ် ၉ ရက်တွင် ပွင့်ဖြူငါးလုပ်ငန်းစခန်း၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး မင်းဘူးခရိုင်တာဝန်ခံ ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပွင့်ဖြူငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစိုးလှိုင်က သင်တန်းသားများကို ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းကို ဩဂုတ် ၉ ရက်မှ ၁၀ ရက်အထိ စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✻ CDM မှ

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများကို ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံ ဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်လျက်ရှိသည့် အကြမ်းဖက်သမားများနှင့် ဆက်သွယ်ချိတ်ဆက် ပူးပေါင်းပါဝင်သော တရားခံများအား ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၅**

ဧရာဝတီတိုင်း ဒေသကြီးအတွင်း အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ အကြမ်းဖက်သတ်ဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုအား မလိုလားသောပြည်သူများ၏ သတင်းပေးပူးပေါင်းဆောင်ရွက်မှုများကြောင့် ၂၀၂၂ ခုနှစ် ဩဂုတ် ၁၃ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးပူးပေါင်းအဖွဲ့က မြန်အောင်မြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ရာတွင် ပါဝင်ပတ်သက်သည့် တရားခံများဖြစ်သော **ဝေပိုင်ဖြိုး**(၃၃)နှစ်နှင့် ၎င်း၏ ဇနီးဖြစ်သူ **စံပယ်အောင်အောင်** (၃၄)နှစ်တို့ နှစ်ဦးကို မြန်အောင်မြို့နယ် အင်ပင်မြို့ ကညင်ငူကျေးရွာရှိ ၎င်းတို့၏ နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

**သတင်းပေးခိုင်းစေခဲ့**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံ**ဝေပိုင်ဖြိုး**သည် ၂၀၂၁ ခုနှစ် ဇွန်လတွင် မြန်အောင်မြို့ပေါ်၌ ဆူပူဆန္ဒပြမှုများတွင် ပါဝင်ခဲ့သဖြင့် ဟင်္သာတအကျဉ်းထောင်၌ ထောင်ဒဏ်လေးလပြစ်ဒဏ်ကျခံခဲ့ရပြီး နိုင်ငံတော်အစိုးရ၏ပြစ်ဒဏ် ဖြေလျှော့ပေးမှုများဖြင့် နို့ဝင်ဘာလတွင် ပြန်လည်လွတ်မြောက်လာသူဖြစ်ကြောင်း၊ အဆိုပါ ပြစ်ဒဏ်ကျခံခဲ့ရမှုမှာ ၎င်းနှင့် တစ်ရွာတည်းနေထိုင်သည့် ပြည်ခိုင်ဖြိုးပါတီဝန်းရံသူ ဒေါ်သန္တာစိုးမှ တိုင်ကြားခဲ့ခြင်းကြောင့်ဟု ယူဆကာ ပုဂ္ဂိုလ်ရေးအရ တစ်ဖက်သတ်ရန်ငြိုးထားခဲ့ကြောင်း၊ သို့ဖြစ်၍ ထောင်မှပြန်လည်လွတ်မြောက်လာချိန်တွင် ရိုးမရော အမည်ခံအကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန် တရားခံ**ဇင်မျိုးအောင်(ခ)ဇော်မျိုးအောင်(ခ)သားပေါက်**နှင့် ဆက်သွယ်ချိတ်ဆက်ကာ အပြစ်မဲ့ပြည်သူ ပြည်ခိုင်ဖြိုးပါတီဝန်းရံသူ ဒေါ်သန္တာစိုး အပါအဝင် ပုဂ္ဂိုလ်ရေးအရ မကျေနပ်သူခြောက်ဦး၏ အမည်စာရင်းအားပေး၍ ဒလန်ဟုစွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ရန် သတင်းပေးခိုင်းစေခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်း၏ ဇနီးဖြစ်သူ **စံပယ်အောင်အောင်**သည် မြန်အောင်မြို့နယ် အခြေခံပညာမူလတန်းကျောင်း(ဗလန်းစိန်)၌ တာဝန်ထမ်းဆောင်လျက်ရှိရာမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် CDM ပြုလုပ်ကာ မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ထွက်ပြေးတိမ်းရှောင်နေထိုင်ကာ ခင်ပွန်းဖြစ်သူနှင့်အတူ ပုဂ္ဂိုလ်ရေးအရ မကျေနပ်သူများကို လုပ်ကြံသတ်ဖြတ်ရန် အကြမ်းဖက်သမားများထံ သတင်းပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရသည်။



တရားခံ ဝေပိုင်ဖြိုး(၃၃)နှစ်



တရားခံ စံပယ်အောင်အောင်(၃၄)နှစ်

ဖမ်းဆီးရမိတရားခံ **ဝေပိုင်ဖြိုး** ၏ ထွက်ဆိုချက်အရ မြန်အောင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် ဖမ်းဆီးရန်ကျန်တရားခံ **အေးမင်းအောင်နှင့် ကျော်သူတို့**က ရိုးမရောအမည်ခံ အကြမ်းဖက်အဖွဲ့မှ **ဇင်မျိုးအောင်(ခ) ဇော်မျိုးအောင် (ခ)သားပေါက်** အား ငွေကြေးနှင့် လိုအပ်သောအထောက်အပံ့များပေးအပ်ကာ အကြမ်းဖက်မှုလုပ်ငန်းများ ကျူးလွန်စေသကဲ့သို့ တရားခံ **ဝေပိုင်ဖြိုး**ကလည်း မြန်အောင်မြို့နယ်အတွင်းရှိ အစိုးရဌာနဆိုင်ရာများနှင့် ဆက်ဆံရေးအဆင်ပြေသော အပြစ်မဲ့ပြည်သူများအား ဒလန်ဟု စွပ်စွဲပြီး လုပ်ကြံသတ်ဖြတ်ရန်အတွက် ရိုးမရော အမည်ခံအကြမ်းဖက်အဖွဲ့မှ **ဇင်မျိုးအောင်(ခ)ဇော်မျိုးအောင်(ခ)သားပေါက်** အား Wave Money မှတစ်ဆင့် ငွေကျပ်သုံးသိန်း လွှဲပြောင်းပေးအပ်ကာ လုပ်ကြံသတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ငန်းများ ကျူးလွန်စေခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-



ပြည်ခိုင်ဖြိုးပါတီ ဝန်းရံသူ ဒေါ်သန္တာစိုးအား အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

- ၂၀၂၂ ခုနှစ် ဇွန် ၂၉ ရက်တွင် မြန်အောင်မြို့နယ် ကနောင်နယ်မြေရဲစခန်းရှေ့၌ **ဇင်မျိုးအောင်(ခ) ဇော်မျိုးအောင်(ခ) သားပေါက်နှင့် အဇ္ဇတို့**နှစ်ဦးသည် လက်လုပ်မိုင်း တစ်လုံးအား ဖောက်ခွဲခဲ့ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ပစ္စတိုဖြင့် ပစ်ခတ်ခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် ဩဂုတ် ၆ ရက်တွင် မြန်အောင်မြို့နယ် ကညင်ငူကျေးရွာရှိ ပြည်ခိုင်ဖြိုးပါတီဝန်းရံသူ ဒေါ်သန္တာစိုးအား ၎င်းအား ထောင်ကျစေရန် ပြုလုပ်သူဟု စွပ်စွဲကာ **ဇင်မျိုးအောင်(ခ) ဇော်မျိုးအောင်(ခ)သားပေါက်နှင့် ငြိမ်းခန့်လင်း (ခ)တရုတ်ကြီးတို့** နှစ်ဦးက ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

**သတင်းပေးတိုင်ကြားနိုင်**

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**



ဒဏ်ရာရရှိခဲ့သည့် ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ မှတ်တမ်းဓာတ်ပုံ။



လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် နေရာပြမှတ်တမ်းဓာတ်ပုံ။

## အုတ်တွင်းမြို့နယ်၌ ဆန်များ ဈေးနှုန်းချိုသာစွာ ရွှေ့လျားစနစ်ဖြင့် လိုက်လံရောင်းချပေးလျက်ရှိ

**အုတ်တွင်း ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန် ရည်ရွယ်၍ ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၆၀၀ နှုန်းဖြင့် ယနေ့နံနက်ပိုင်းက အုတ်တွင်းမြို့ပေါ် ရပ်ကွက်များအတွင်းသို့ ရွှေ့လျားစနစ်ဖြင့် လိုက်လံရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆန်ရောင်းချရာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန နှင့် ဆန်ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစားများအတွက် ရည်ရွယ်ကာ ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၆၀၀ နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရွှေ့လျားစနစ်ဖြင့် လိုက်လံရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ကိုကျော့မောင်သည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အသိုင်းအဝိုင်းနှင့် တတ်နိုင်သမျှ ကင်းကွာအောင် နေမည်၊ စိတ်ဝင်စားခြင်းမရှိအောင် နေမည်ဟု ဆုံးဖြတ်ထားသည်။ အရာရာကို အိပ်မက်ပမာသာ လျှင် သဘောထားတော့မည်ဟု စိတ်ကူးသည်။

သို့စဉ်လျက် တစ်နည်းမဟုတ် တစ်နည်း၊ တစ်ကြောင်းမဟုတ် တစ်ကြောင်းဖြင့် ပတ်သက်ဆက်နွှယ်ရမည့် အကြောင်းရပ်များ ရှိလာရသည်။ ၎င်းမှာ နန်းကိန္နရီနှင့်လည်း ပတ်သက်သည်။ မခင်သန်းနွဲ့နှင့်လည်း ပတ်သက်သည်။

နန်းကိန္နရီနှင့်ပတ်သက်၍ ပြောရမည်ဆိုလျှင် သည်ကလေးမ မော်တော်ကားမှောက်ကာ ဆေးရုံသို့ ရောက်ရစဉ်က ကိုကျော့မောင် ဆေးရုံသို့ သုံးလေးခေါက် သွားတွေ့သည်။ ဆေးရုံမှဆင်းပြီး ရေနံ့သာသို့ ပြန်မသွားလိုတော့၊ အငြိမ့်ထောင် ဆရာ အိမ်သို့ သွားမည်။ အငြိမ့် ပြန်ကမည်ဆိုစဉ်က ကိုငှက်ရိုးအားခေါ်ကာ အစီအစဉ်လုပ်ပေးသူမှာလည်း ကိုကျော့မောင်ပင် ဖြစ်သည်။

နောက်တော့ မျိုးထွန်းသိန်းသည် နန်းကိန္နရီအား ရှာဖွေသည်၊ သူတို့ချင်း လက်ထပ်ဖြစ်သည် စသည်များကို ကိုကျော့မောင် သိရှိနေရသည်။ သူ မသိလိုက်သောအပိုင်းမှာ နွယ်နွယ်ထွန်းတစ်ယောက် ဒေါ်ရေနံ့သာခင်ခင်ကြီးထံ ပြန်လည်ရောက်ရှိလာသော အပိုင်းဖြစ်သည်။

ယခုတော့ ယင်းအပိုင်းကိုလည်း ကိုကျော့မောင် သိလာရပေပြီ။ စနေနံဘုရား၌ နွယ်နွယ်ထွန်းအား နန်းကိန္နရီအထင်ဖြင့် နှုတ်ဆက်ခဲ့သူမှာ ကိုကျော့မောင် ဖြစ်သည်။ နွယ်နွယ်ထွန်း၏ စကားများအရ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သမီးအရင်းနှင့် ပြန်လည်ဆုံတွေ့ရပြီဖြစ်ကြောင်း သိလာရသည်။ သူငယ်ချင်းကို ပြန်လည်သတိရသည်။ အောက်မေ့တမ်းတမိသည်။ သည်ကောင် ရှိစေချင်ပါဘိ။ သမီးဖြစ်သူကို သည်ကောင် မြင်ရစေချင်ပါဘိ။

သို့နှင့် တစ်ဆက်တည်းမှာပင် သူသည် မခင်သန်းနွဲ့ကို ဖျတ်ခနဲ အမှတ်ရလာသည်။ မခင်သန်းနွဲ့နှင့် တွေ့ချင်လာသည်။

သို့နှင့်ပင် သူသည် မခင်သန်းနွဲ့ရှိရာသို့ လာခဲ့သည်။ မခင်သန်းနွဲ့တစ်ဖြစ်လဲ ဒေါ်ခေမာထံ ရောက်ရှိလာခဲ့ရလေသည်။

စာသင်ပုဂ္ဂိုလ်တို့၏ စာကျက်သံသည် ကိုကျော့မောင်ထံ ရောက်ရှိလာသည်။

"ဖိဏ္ဍံ၊ ဇရာနှိပ်စက် အိုမင်းလျက်နေသော သူကို၊ ဒိသွာစ၊ မြင်၍လည်းကောင်း၊ ဒုခိတံ၊ ဆင်းရဲခြင်းသို့ရောက်သော၊ ဗျာဓိတံ အနာနှိပ်စက် အခြေအနေပျက်၍နေသော သူနာကို၊ ဒိသွာစ၊ မြင်၍လည်းကောင်း၊ အာယုသင်္ခယံ အသက်ကုန်ခန်း ပျက်စီးခြင်းသို့၊ ဂတံ၊ ရောက်နေသော၊ မတံ၊ သေသူ ဒိသွာစ မြင်၍လည်းကောင်း တတော ထိတ်လန့်ခြင်းဖြစ်ကာ၊ မနောရမာနိ စိတ်နှလုံးကို မွေ့လျော် စေကုန်တတ်သော၊ ကာမနိဝတ္ထု ကာမတို့ကို ပဟာယ ပယ်စွန့်ပြီးသော်၊ နိက္ခမိတုန အိမ်မှထွက်၍ ပဗ္ဗဇိ မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းအဖြစ်သို့ ကပ်ရောက်လေပြီ"

စင်စစ် မခင်သန်းနွဲ့တစ်ယောက် ဘိက္ခုနီအဖြစ်သို့ ပြောင်းလဲရောက်ရှိလာရခြင်းမှာ ယင်းသို့သော နိမိတ်လေးပါးကို မြင်တွေ့ရသောကြောင့်ဟု ကိုကျော့မောင် မထင်လှပေ။ မခင်သန်းနွဲ့ကို သည်အထိ အထင်မကြီးရိုး အမှန်။

သူသည် မခင်သန်းနွဲ့ကို ကိုမောင်မောင်ဦးနှင့် ပတ်သက်၍ သိလာရသည်။ မခင်သန်းနွဲ့ရှိရာ ကမ္ဘာအေးရပ်ကွက်အိမ်သို့ လေးငါးကြိမ်ထက် မနည်း ရောက်ဖူးသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အမှုအတွင်း ရုံး၌အကြိမ်ကြိမ် ဆုံရသည်။ ထို့နောက် မခင်သန်းနွဲ့ ပျောက်ကွယ်သွားသည်။ ကမ္ဘာအေးရပ်ကွက်အိမ်၌လည်း မရှိတော့။ ရုံးသို့လည်း မလာ။ လအတန်ကြာမျှ မခင်သန်းနွဲ့နှင့် မတွေ့ဆုံရဘဲ ရှိသည်။

တွေ့မယ့်တွေ့တော့ ရန်ကုန်-မန္တလေး မီးရထားပေါ်မှာ ဖြစ်သည်။ မခင်သန်းနွဲ့အနေနှင့် မဟုတ်တော့။ မခင်သန်းနွဲ့တစ်ဖြစ်လဲ ဒေါ်ခေမာအဖြစ်နှင့် ဖြစ်သည်။ မခင်သန်းနွဲ့သည် သီလရှင်ဝတ်ခဲ့သည်။ ဘွဲ့မှာ ဒေါ်ခေမာ။

ကိုကျော့မောင်သည် ဒေါ်ခေမာအား မြင်ရစက မမှတ်မိချင်။ ရုပ်ရည်သဏ္ဌာန်မှာ များစွာ ပြောင်းလဲသွားသည်။ လေသံဟန်ပန်သည်လည်း ယခင်ကနှင့် မတူတော့။

"ဒေါ်ရေနံ့သာခင်ခင်ကြီး၏အမှုတွင် မခင်သန်းနွဲ့သည် တရားလိုပြသက်သေအဖြစ် ပါဝင်ရသည်။ သက်သေခံရသည်။ အစသော် ရုံးရက်ချိန်းတိုင်း မှန်မှန်ရောက်လာသည်။ နောက်တော့ သူသည် ရုံးသို့လာရောက်ခြင်း မရှိတော့။ ယင်းမှာ သူ၏ထွက်ချက်တို့သည် ဒေါ်ရေနံ့သာခင်ခင်ကြီးအဖို့ နစ်နာစေနိုင်သည်ဟု ယူဆသောကြောင့်လည်း ဖြစ်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးအား သူ၏ထွက်ချက်များအရ လည်ပင်းကြိုးကွင်းစွပ်စေနိုင်သည့် အဖြစ်မျိုးသို့ မရောက်ရှိစေချင်။ ယင်းအပြင် အဓိကမှာ နန်းကိန္နရီအနေနှင့် သူ့အား..."

မီးရထားတစ်တွဲတည်း၌ အတူတကွ စီးလာကြစဉ် ဒေါ်ခေမာက ကိုကျော့မောင်ကို အလျင်မှတ်မိကာ နှုတ်ဆက်ခဲ့သည်။ သူ မည်သည့်နည်းဖြင့် ဘိက္ခုနီဖြစ်လာရသည့်အကြောင်းကို ရှင်းပြခဲ့သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏အမှုတွင် မခင်သန်းနွဲ့သည် တရားလိုပြသက်သေအဖြစ် ပါဝင်ရသည်။ သက်သေခံရသည်။ အစသော် ရုံးရက်ချိန်းတိုင်း မှန်မှန်ရောက်လာသည်။ နောက်တော့ သူသည် ရုံးသို့လာရောက်ခြင်း မရှိတော့။ ယင်းမှာ သူ၏ ထွက်ချက်တို့သည် ဒေါ်ရေနံ့သာခင်ခင်ကြီးအဖို့ နစ်နာစေနိုင်သည်ဟု ယူဆသောကြောင့်လည်း ဖြစ်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးအား သူ၏ ထွက်ချက်များအရ လည်ပင်းကြိုးကွင်းစွပ်စေနိုင်သည့်အဖြစ်မျိုးသို့ မရောက်ရှိစေချင်။ ယင်းအပြင် အဓိကမှာ နန်းကိန္နရီအနေနှင့် သူ့အား မျက်နှာချင်း ဆိုင်လိုမည်မဟုတ်သည်ကို သိသည်။ မျက်နှာချင်း ဆိုင်မိလေလျှင်လည်း မျက်နှာငယ်ချေတော့မည်။ ထို့ကြောင့် ရုံးသို့လာရောက်ရန် ပျက်ကွက်ခဲ့သည်။

မခင်သန်းနွဲ့မှာ အခြားသောအကြောင်းကိစ္စများလည်း ရှိသေးသည်။ ဤသည်မှာ နေရေးစားရေးများနှင့်လည်း ပတ်သက်သည်။ မတင်ရွှေသည် မခင်သန်းနွဲ့ကို သူ့အိမ်၌ ဆက်လက်နေထိုင်စေရန် ဆန္ဒမရှိတော့။ လူသတ်မှုကဲ့သို့သော အမှုမှာ မခင်သန်းနွဲ့၏ ပယောဂကြောင့် ဖြစ်ခဲ့ရသည်ဟု မှတ်ယူသည်။ ရဲများ၊ စုံထောက်များ ရောက်လာသည်။ ရုံးပြင်ကနား၌ ရင်ဆိုင်ရသည်။ စင်စစ် မတင်ရွှေတို့၏ဘဝဆိုသည်မှာ သည်လိုလူစားမျိုးတွေနှင့် မပတ်သက်ရလေ ကောင်းလေဖြစ်သည်။ ပတ်သက်လာလေပြီဆိုသောအခါ စိုးရိမ်စိတ်များ ဝင်လာသည်။ မခင်သန်းနွဲ့ကို အတိအလင်း နှင်လာသည်။ မခင်သန်းနွဲ့တွင် သွားစရာ နေရာမရှိ။ ပြေးစရာ မြေမရှိ။ အတင်းတွယ်ကပ်နေခဲ့သည်။ ထိုအခါ မတင်ရွှေက ဆူဆူအောင့်အောင့် လုပ်လာသည်။

မခင်သန်းနွဲ့သည် သူ၏ အသက်မွေးဝမ်းကျောင်းမှုကိုလည်း စက်ဆုပ်လာသည်။ ရွံရှာလာသည်။ အခြားသော အသက်မွေးဝမ်းကျောင်းမှုမျိုးကို မတတ်မြောက်။ စက်ဆုပ်ရွံရှာလျက်က သည်အလုပ်ကို ဆက်လုပ်နေရသည်။ ယင်းအလုပ်ကိုလည်း စွန့်လွှတ်လိုလှပေပြီ။

အဆုံးတွင်မူ မခင်သန်းနွဲ့သည် မတင်ရွှေ၏အိမ်၌ နေ၍ မဖြစ်တော့။ နေလည်း မနေချင်တော့။ သို့ဖြင့် သူသည် မတင်ရွှေထံမှ စွန့်စားထွက်ခွာခဲ့သည်။ လမ်းများပေါ်ဝယ် ဦးတည်ရာမဲ့ လျှောက်သွားနေခဲ့သည်။ ညဘက်သို့ ရောက်လာသည်။ နံနက်စာကိုပင် မစားရသေး၍ ဝမ်းထဲမှာ ဟာနေသည်။ တကျုတ်ကျုတ် မြည်နေသည်။ ပင်လည်း ပင်ပန်းလှလေပြီ။

သူသည် ဘုန်းတော်ကြီးကျောင်း ပရိဝုဏ်သို့ ရောက်လာသည်။ ကျောင်းအတွင်း ရည်ရွယ်ချက်ကင်းမဲ့စွာ ဝင်လာမိသည်။ သည်မှာ သီလရှင်တစ်စုကို တွေ့ရသည်။ မခင်သန်းနွဲ့သည် ရှက်ကြောက်မနေနိုင်တော့ဘဲ သီလရှင်ကျောင်းတစ်ကျောင်းသို့ ဝင်သည်။ အစားအသောက် တောင်းစားသည်။ တစ်ညအိပ်တည်းခိုခွင့်ပြုပါရန် သိက္ခာ၊ သမာဓိနှင့် ပြည့်စုံပုံရသော အသက်အကြီးဆုံးလည်းဖြစ်သော သီလရှင်ကြီးတစ်ပါးထံတွင် ခွင့်ပန်သည်။

သီလရှင်ကြီး၏အမည်မှာ ဒေါ်ဉာဏစာရီ။

သီလရှင်ကြီးက မခင်သန်းနွဲ့ကို စစ်မေးသည်။ မခင်သန်းနွဲ့က ရေနံ့ချောင်းမြို့မှ ဖြစ်ကြောင်း၊ ရန်ကုန်သို့ရောက်လာကြောင်း၊ တွယ်ရာမဲ့ဖြစ်နေကြောင်းများ ပြောသည်။ သီလရှင်ကြီးက မခင်သန်းနွဲ့အပေါ် ကရုဏာသက်သည်။ တည်းခိုခွင့်ပေးသည်။ နောက်တစ်ကြောင်းမှာလည်း ယင်းသီလရှင်ကြီးကိုယ်တိုင်မှာပင် ရေနံချောင်းအနီးအနားရှိ ရွာတစ်ရွာဇာတိဖြစ်လေရာ မခင်သန်းနွဲ့ကို တစ်နယ်တည်းသူအဖြစ် ပို၍ လိုလားလက်ခံချင်စိတ် ပေါက်ခဲ့ခြင်း ဖြစ်သည်။

မခင်သန်းနွဲ့သည် အမှီအခိုကို ရခဲ့သည်။ စိတ်ဝမ်းချမ်းမြေ့ဖွယ်အနေအထားကိုလည်း တွေ့ရသည်။ လာခဲ့သောလမ်းသို့လည်း မပြန်ချင်၊ လာခဲ့သောဘဝသို့လည်း ပြန်မရောက်လိုတော့။ သို့ဖြင့် သီလရှင်ကျောင်း၌ ဆယ်ရက်မျှ တည်းခိုနေထိုင်ပြီးနောက် ဘိက္ခုနီဝတ်ရန် သန္နိဋ္ဌာန် ချလိုက်လေတော့သည်။ သို့နှင့်ပင် မခင်သန်းနွဲ့ဘဝမှလည်း ဒေါ်ခေမာအဖြစ်သို့ ရောက်ရှိလာခဲ့ရလေသည်။

မခင်သန်းနွဲ့ကို ကယ်တင်ခဲ့သော သီလရှင်ကြီးသည် တစ်နေရာတည်း၌ အတည်အကျ နေထိုင်လေ့ရှိသူမဟုတ်။ တစ်နေရာမှ တစ်နေရာသို့ ပြောင်းလွဲနေထိုင်လေ့ရှိသည်။ ဘုရားတစ်ဆူပြီးတစ်ဆူ လည်ဖူးလေ့ရှိသည်။

ဒေါ်ခေမာသည် သီလရှင်ကြီး၏ လက်ကသုံးတောင်ဝှေးအဖြစ် အနယ်နယ်သို့ ပါရသည်။ အရပ်ရပ်သို့ ရောက်ရသည်။ မြန်မာပြည်အနှံ့အပြား တန်ခိုးကြီးဘုရားအစုံသို့ ရောက်ဖူးသည်။ ယင်းသို့ဖြင့် တစ်နေ့ မန္တလေးသို့လာရာဝယ် ရထားပေါ်၌ ကိုကျော့မောင်နှင့် ဆုံရသည်။

တစ်လောက သီလရှင်ကြီး ကောင်းစွာ မမာမကျန်း ဖြစ်သည်။ စစ်ကိုင်းတွင်ရှိကြခိုက်၌ ဖြစ်သည်။ သီလရှင်ကြီးက ဇာတိမြေသို့ ပြန်လည်ခေါင်းချလိုသည်ဆိုကာ ရေနံချောင်းသို့ ပြောင်းရွှေ့သီတင်းသုံးရာ ဒေါ်ခေမာပါ ရေနံချောင်းသို့ ပါလာခဲ့ရသည်။ ရေနံချောင်းသို့ရောက်လာပြီး များမကြာမီ သီလရှင်ကြီး ကွယ်လွန်သည်။ ဒေါ်ခေမာသည် ရေနံချောင်း၌ သောင်တင်နေခဲ့သည်။ ထိုအတွင်း ကိုကျော့မောင်နှင့် တစ်ဖန်ပြန်၍ တွေ့ကြခြင်းဖြစ်သည်။

နွယ်နွယ်ထွန်းနှင့် စနေနံဘုရား၌ ကြုံတွေ့ခဲ့ရပြီးနောက် ကိုကျော့မောင်သည် ဒေါ်ခေမာကို သတိရနေလေသည်။ အမှတ်ရနေလေသည်။ ထို့ကြောင့်ပင် ဒေါ်ခေမာရှိရာ ကျောင်းတိုက်သို့ သူလာခဲ့မိခြင်းဖြစ်သည်။ သူသည် နွယ်နွယ်ထွန်းနှင့်ကား ထပ်မံကြုံတွေ့လိုခြင်း မရှိခဲ့တော့ပေ။ စနေနံဘုရားသို့လည်း မသွားတော့ပေ။

ယခုတစ်ခေါက် ဒေါ်ခေမာအား ကြည့်မြင်ရသည်မှာ အတော်ချည်း နွမ်းနယ်နေသည်ဟု ကိုကျော့မောင် ထင်သည်။ ရုပ်ရည်သွင်ပြင်သည် အတော်ပင်ကျသွားသည်။ အိုစာသွားသည်ဟု ထင်ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ဘုန်းသမ္မာ

ပီမိုးနှင်း

(ယခင်အပတ်မှအဆက်)

အခါများစွာ ထိုနည်းမျိုးကို လူရိုးလူကောင်းကတိသစ္စာတည်သည်ဟူသော နာမည်ကိုရသူများ လုပ်တတ်ကြလေသည်။ ၎င်းတို့၏စိတ်၌ ရိုးသည်ဟူ၍ပင် မှတ်ထင်နေကြလေသည်။ စင်စစ်မှာကား မရိုးချေ။ မရိုးခြင်းကြောင့် ဘယ်အပြစ်ပေးမလဲ၊ ဘယ်ငရဲချမလဲဟု မေးနိုင်၏။ လူ၌ မြင့်မြတ်ခြင်း၊ ဆိုးယုတ်ခြင်းသည် အခါခပ်သိမ်း လောကီအပြစ်ဒဏ်၊ လောကုတ္တရာအပြစ်ဒဏ်နှင့် မသက်ဆိုင်၊ ကုသိုလ်ရမည်အထင်နှင့် မြင့်မြတ်သောစိတ်ကို မထားရ။ မြင့်မြတ်ခြင်းသက်သက်ကို နှစ်သက်လိုလားသဖြင့် မြင့်မြတ်စွာ ကျင့်ရာ၏။ ဆိုးယုတ်မှုများကို အပြစ်ဒဏ်ကြောက်သဖြင့် ရှောင်ကြဉ်ရမည်မဟုတ်။ ဆိုးယုတ်မှုကို မုန်းထားသောစိတ်သက်သက်နှင့် ရှောင်ကြဉ်ရမည်။

ငါတို့ပြုရာကို ကြည့်ကြရမည်။ ငါတို့ငွေရလျှင်ပြီးရော၊ ဇာတ်ကောင်းအောင် ငွေကုန်ခံ၍မလုပ်၊ အပေါစားတွေကိုလုပ်ပြီး အချောင်သူဌေးလုပ်မည်ဟူသော အကြံနှင့် ကားညံ့တွေကိုထုတ်သော ရုပ်ရှင်ကုမ္ပဏီသည် မရိုးသောကုမ္ပဏီဖြစ်၏။ အဘယ်အပြစ်မှ ၎င်းတို့ကို တစ်ပါးသူက မပေးနိုင်သော်လည်း တစ်နေ့သ၌ ၎င်းတို့၏စေတနာက အကြောင်းပြုသဖြင့် တစ်မျိုးတစ်မည် တစ်ခုခုဖြစ်ကာ ၎င်းတို့မှာ ပျက်စီးတတ်လေသည်။

လောင်းကစားခြင်း၊ မြန်မြန်သူဌေးဖြစ်လိုခြင်း၊ ဆန်ကစားခြင်း၊ ငွေချေးကစားခြင်း စသည်များသည် မရိုးမသားသောလမ်းသို့ရောက်အောင် ပို့ဆောင်တတ်လေသည်။ တိုင်းပြည်၌ ဤအလုပ်တွေကို အများလုပ်၍နေကြ၏။ သို့ဖြစ်၍ မရိုးသူတွေများကြ၏။ အများမရိုးသောကြောင့် ငါလည်းခိုးမည်ဟု ကြံလျှင် သူခိုးဖြစ်လိမ့်မည်။ ဤအခန်းသည် ဂုဏ်ကျက်သရေခန်းဖြစ်၏။ တကယ်ဂုဏ်ကျက်သရေရှိလိုက တကယ်ရိုးရမည်။ ဂုဏ်သရေရှိဖြစ်ဖို့ရန်အတွက် ရိုးဖို့မလို၊ ငွေရှိလျှင်ပြီးသည်ဟု ပြောနိုင်လေသည်။ သူဘာရာဇာ ဒွန်းစဏ္ဍားသည်အဘယ်မျှပင် ချမ်းသာသော်လည်း ဂုဏ်ကျက်သရေမရှိနိုင်။

ကျွန်ုပ်တို့တိုင်းပြည်မှာ ယခုကာလ ယဉ်ကျေးခြင်း၏အစကလေးကိုသာ ရကြသေးသောကြောင့် ထိုစကားမျိုးကို အများပြော၍နေ၏။ နောင်လာမည့်ခေတ်များ၌ ဤအရာတွင် ပြောင်းလဲခြင်းဖြစ်လိမ့်ဦးမည်။ ကြွယ်ဝသဖြင့် ဂုဏ်သရေရှိ၍နေသူတွေရှိသော်လည်း မရိုးမဖြောင့်က တစ်နေ့သ၌ ဂုဏ်ပျက်ရမည်။

ဥရောပတိုင်းများ၌ လူတစ်ယောက်သည် ကြွယ်ဝသူဖြစ်သော်လည်း ထောင်ကိုကျဖူးအံ့။ အစိုးရ၏ သက်သေဖြစ်ဖူးအံ့၊ လူကောင်းသူကောင်းများ၏ အစုအဝေးကို ဝင်ခွင့်ရမည်မဟုတ်ပေ။ မြန်မာပြည်၌ကား သူတစ်ပါးမယားကိုခိုး၍ အပြစ်ဒဏ်ခံရသောသူကိုပင် ဘုရားသံ၊ တရားသံနှင့် ရည်ရည်မွန်မွန် ပြောတတ်၊ ဆိုတတ်၊ မြှောက်ပင့်တတ်ခြင်းကြောင့် လူကုံထံအခေါ်ခံသည့် သူဌေးများကပင် အရေးတယူပေါင်းသင်းကြလေသည်။ ထိုလူမျိုးမှာ ပင်ကိုစိတ်ရင်းမကောင်းသဖြင့် လူကုံထံတို့၏ အရောင်အဝါကူးစက်ခြင်းပင် ခံရစေကာမူ “ကျီးကန်း၊ လင်းတသည် ရွှေဟင်္သာမဖြစ်နိုင်” သကဲ့သို့သာတည်း။

လူမှာ Conscience ခေါ် အတွင်းသိစိတ်တစ်မျိုးရှိ၏။ မရိုးမသားမှု၊ မကောင်းမှုတစ်ခုခုကိုပြုသည့်အခါ ထိုစိတ်က စွပ်စွဲ၏။ အချို့သော မရိုးသားမှုများမှာ ဆင်ခြေဝင်နိုင်၏။ ဆင်ခြေဖြင့် အဘယ်မျှပင် ဖုံးဖိသော်လည်း ထိုစိတ်က စွပ်စွဲလျက်ရှိ၏။ ထိုစိတ်၏ စွပ်စွဲခြင်းကို ခံရသမျှ အပြစ်မကင်း၊ အပြစ်ရှိသည်ဟု မှတ်ရမည်။ ထိုစိတ်၏ စွပ်စွဲခြင်းကို အရိပ်အငွေ့မျှ မခံရအောင် ရှောင်ကြဉ်မှ ဖြောင့်မှန်သူဖြစ်၏။

လူတစ်ယောက်သည် မသိမလိမ္မာသူ တစ်ဦးတစ်ယောက်ထံမှ အဖိုးတန်ပစ္စည်းတစ်ခုကို ရအောင်ယူလိုက်မိ၏။ ယူနည်းယူပုံမှာ မရိုးမဖြောင့်သောနည်းဟု မည်သူကမျှ မစွပ်စွဲနိုင်ပေ။ အကြောင်းမူကား အပေါင်ခံပြီး မရွေးနိုင်သောကြောင့် သိမ်းယူလိုက်ခြင်းဖြစ်လေသည်။ သို့သော်လည်း ချေးသောငွေနှင့် အဆမတန်ပစ္စည်းက ပို၍အဖိုးတန်အံ့။ ထိုယူနည်းသည် မရိုးသားသောယူနည်းဖြစ်သည်ဟု ဆိုရပေမည်။ မရိုးသားကြောင်းကိုလည်း အထက်ပါအတွင်းစိတ်က မကြာမကြာ စွပ်စွဲ၍ပြ၏။ မောင်မင်းရက်စက်သည်။ မောင်မင်း မတရားဘူး၊ တရားဥပဒေလက်ကိုင်ထားပြီး အဓမ္မသိမ်းယူလိုက်သည်ဟု ထိုစိတ်က စွပ်စွဲ၏။ ထိုအခါ မရိုးသူက ဆင်ခြေဝင်၏။ အဘယ်ပုံဝင်ပါသနည်း။ ငါမယူရင်လည်း ဒီပစ္စည်းဟာ သူများလက်ရောက်မှာပဲ။ ငါလို အပေါင်ခံပြီး သိမ်းမည့်လူတွေချည်းပဲဟူသော ဆင်ခြေပင်ဖြစ်လေသည်။

သို့မဟုတ် လူရိုင်းလက်ထဲ ကျောက်ကောင်းရောက်နေတာပဲ။ ကောင်းမှန်း၊ ဆိုးမှန်းမသိဘူး။ တော်တော်ကြာရင် အလကားဖြစ်မှာ၊ သူ့အိမ်က မလုံဘူး။ လူဆိုးသူခိုးဝင်ပြီး လုမှာ၊ ဒီပစ္စည်းကို ငါမယူရင် သူ့မှာ အသက်တောင်သေဦးမှာဟူသော ဆင်ခြေမျိုးကိုလည်း တွေ့တတ်လေသည်။ ဤဆင်ခြေမျိုးကို သုံးရသမျှ မရိုးသားဟု မှတ်ရမည်။

ကြွေးတင်ခြင်းသည် မရိုးမဖြောင့်သောလမ်းသို့ ပို့ဆောင်တတ်သည်။ အသုံးလွန်ခြင်းကြောင့် ပရော်ဖက်ဆာ ဝက်စတာမှာ ကြွေးတင်ပြီး ကြွေးရှင်ကို သတ်ခဲ့ဖူးလေသည်။

ခိုးမှ၊ လိမ်မှ မရိုးသားသည်မဟုတ်။ စိတ်အကြံနှင့်လည်း မရိုးသားသူဖြစ်နိုင်လေရာ အထူးသဖြင့် မရိုးသားသော အကြံမျိုး မပေါ်ပေါက်အောင် အထူးသတိနှင့် စိတ်ကိုထိန်းစောင့်ရလေသည်။ ပြန်၍ဆပ်နိုင်မည့် လက္ခဏာမရှိဘဲ ငွေချေးခြင်း၊ ဟန်နှင့် အလုပ်ကြီးလုပ်ခြင်း၊ လက်ရှိအလုပ်အပြင် အပိုအလုပ်ကိုလုပ်ခြင်းသည် အကြံဉာဏ်နှင့် စိတ်ကို များစေသဖြင့် ဆုတ်ယုတ်ပျက်စီးပြီး မရိုးမသားမှုကို ပြုမိတတ်လေသည်။ ကြီးပွားခြင်းလမ်း၌လည်း ရှေ့လောကြီးသဖြင့် မရိုးမသားမှုကိုပင် ပြုမိတတ်လေသည်။ ။

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**မျှတစွာသုံးသပ်လုပ်ဆောင်ပါ**

“အတောင့်တဆုံး၊ အဖြစ်ချင်ဆုံးဟာ လူသားရဲ့ သူ့ကိုယ်သူ နားလည်သဘောပေါက်မှုဖြစ်တယ်။ လူသားရဲ့ သူ့စိတ်ပိုင်းဆိုင်ရာ သဘာဝအပေါ် နားလည်မှု၊ သူ့စိတ်ပိုင်းဆိုင်ရာ လောကအပေါ် နားလည်မှုတို့ဟာ ထူးကဲတဲ့ပမာဏအတိုင်းအဆကြောင့် ကြီးထွားဖြစ်ထွန်းလာလိမ့်မယ်”

**ဒေါက်တာရောဘတ်၊ အန်ထော်နီ**
**(၁၉၁၆-၂၀၀၆)**



လူသားတိုင်း၊ လူသားတိုင်းက ကြီးပွားချမ်းသာမှုကို လိုလားကြသည်ဖြစ်ရာ ကြီးပွားအောင်မြင်မှုနည်းလမ်းများကို အစဉ်သဖြင့်ရှာဖွေနေကြပေသည်။ သို့တိုင် ကြီးပွားအောင်မြင်ရေးနည်းလမ်းများစွာက လူသားတို့အား ပရိယာယ်များစွာဖြင့် လှည့်စားနေသည့်သဘောရှိလေသည်။ မာယာများစွာဖြင့် လှည့်ပတ်နေသည့်သဘောဟု ထင်မြင်ယူဆစရာရှိနေသည်။

ယင်းအကြောင်းကို ဆန်းစစ်လိုက်လျှင် အမှန်တကယ်အောင်မြင်မှုရရှိလိုသူသည် မိမိကိုယ်တိုင်၏ အောင်မြင်မှုရရှိလိုသည့် စိတ်တန်ခိုး၏ ဦးဆောင်နိုင်မှုအပေါ် မျှတစွာသုံးသပ်ကာ အသုံးချနိုင်မှုအပေါ်တွင်သာ မူတည်လေသည်။

အောင်မြင်ကြီးပွားမှုရရှိလိုသည့် စိတ်တန်ခိုး ထက်သန်မှု အတိမ်အနက်ပေါ်တွင် များစွာတည်မှီနေပေရာ စိတ်၏ဦးဆောင်မှုကြီးကြီးမားမားရှိရန် အထူးလိုအပ်သည်။ ထက်သန်သည့် စိတ်တန်ခိုးကို အကောင်အထည်ဖော်ရာတွင် နည်းလမ်းအမျိုးမျိုး၊ လုပ်ဆောင်မှုအထွေထွေ ရှိနေသည်ဖြစ်သော်လည်း အလွယ်ဆုံးနှင့် အထိရောက်ဆုံး နည်းလမ်း (၁၀) ချက်ကား ရှိနှင့်ပြီးဖြစ်သည်။ ထိုနည်းလမ်းများကို ဖွဲ့၊ လုံ့လ၊ ဝီရိယတို့ဖြင့် အခြေခံအရင်းတည်ကာ ကျင့်ကြံအားထုတ်နိုင်ရန်သာလိုသည်။

အဆိုပါအောင်မြင်ရေးနည်းနာတို့မှ နံပါတ်သုံးဖြစ်သော “မျှတစွာ သုံးသပ်လုပ်ဆောင်ပါ” ဟူသည်ကား မိမိ၏စိတ်သဘောကို မိမိဘာသာသုံးသပ်ကွပ်ကဲ လုပ်ဆောင်ရမည့်နည်းလမ်းပင် ဖြစ်သည်။

“အံ့ဩစရာကောင်းတဲ့ လူဘယ်လောက်များများဟာ လေထဲမှာ တိုက်အိမ်ဆောက်သလို စိတ်ကူးယဉ်ရဲတိုက်တွေ တည်ဆောက်ကြရင်း စိတ်အနိဋ္ဌာရုံထဲမှာ နေကြသလဲလို့ ခင်ဗျားတွေးကြည့်မိဖူးလား။ သူတို့မှာ အံ့ဩဖွယ်ကောင်းတဲ့ စိတ်ကူးယဉ် စိတ်ချမ်းသာစရာ ရဲတိုက်ကြီးတွေရှိကြတယ်”ဟု အမေရိကန်ဟားဗတ်စီးပွားရေးကျောင်းမှ စီမံခန့်ခွဲမှုဆိုင်ရာ ပါမောက္ခတစ်ဦးလည်းဖြစ်ခဲ့ပြီး စီမံခန့်ခွဲမှုနှင့် အောင်မြင်ရေးစာအုပ်များဖြင့် ကျော်ကြားသည့် စာရေးဆရာ ဒေါက်တာရောဘတ်၊ အန်ထော်နီ (Dr. Robert Anthony)က ပြောခဲ့ကြောင်းမှတ်သားဖူးပါသည်။ အောင်မြင်ကြီးပွားကြသည့် လူသားတိုင်း၊ လူသားတိုင်းသည် သူတို့တွင် တစ်ချိန်က အံ့ဩဖွယ်ကောင်းသည့် စိတ်ကူးယဉ်မှုများကို ပထမဆုံးစတင်တည်ဆောက် ပျိုးထောင်ခဲ့သည်ချည်းဖြစ်ကြောင်း ကမ္ဘာကျော်သူဌေးကြီးများ၏ အတ္ထုပ္ပတ္တိများက သက်သေပြနေပေသည်။

ထို့ကြောင့် အောင်မြင်ကြီးပွားချမ်းသာလိုကြသော ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် စိတ်ကူးယဉ်ရဲတိုက်များကို စတင်ပျိုးထောင် တည်ဆောက်ကြရမည်ဖြစ်သည်။ စိတ်ကူးယဉ်မှုကို စိတ်ကူးအဖြစ်ဖြင့်သာ ကျနပ်မနေဘဲ စနစ်တကျ စတင်အကောင်အထည်ဖော်ရမည်လည်းဖြစ်သည်။ အကောင်အထည်ဖော်ဆောင်ရာတွင် ဖွဲ့၊ လုံ့လ၊ ဝီရိယတို့ဖြင့် တစိုက်မတ်မတ်ကြိုးစားလုပ်ဆောင်ရပေမည်။

သို့ဖြစ်၍ မိမိ၏စိတ်ကူးယဉ်ရဲတိုက်သည် မည်မျှပင် ကြီးကျယ်ခမ်းနားမြင့်မြတ်သည်ဖြစ်ပါစေ တည်ဆောက်နိုင်ရမည်ဟူသည့် စိတ်ဖြင့်သာ လုပ်ဆောင်နိုင်လျှင် အောင်မြင်ပြီးမြောက်နိုင်မည်မှာ သေချာသည်။

ထို့အပြင် အကောင်အထည်ဖော်သူ၏ စိတ်ပိုင်းဆိုင်ရာ ထက်သန်မှု၊ ကြိုးစားမှုတို့သည် မိမိကျင်လည်ရသည့်ဝန်းကျင်ဟူသမျှတွင် မျှတစွာသုံးသပ်နိုင်မှုအပေါ်တွင်လည်း အခရာကျပေသည်။

“လူသားရဲ့အနာဂတ်နှင့်ပတ်သက်လို့ မစိုးရိမ်ပါနဲ့။ စိတ်မပူပါနဲ့။ ခင်ဗျားရဲ့မျက်လုံးတွေကို ခင်ဗျားရဲ့အနာဂတ်ဆီ လှည့်ကြည့်လိုက်ပါ။ အကောင်းဆုံးတွေ ဖြစ်လာမှာပါ” ဟု စီမံခန့်ခွဲမှုဆိုင်ရာ ပါမောက္ခ ဒေါက်တာရောဘတ်၊ အန်ထော်နီကပင် ပြောကြားခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်သောကြောင့် မိမိ၏အနာဂတ်ကို မိမိကသာ ပိုင်စိုးသည်ဖြစ်ရာ မိမိ၏အနာဂတ်အခြေအနေကို မိမိကသာ မြင်အောင်ကြည့်မြင်သုံးသပ်တည်ဆောက်ရမည်ဖြစ်ကြောင်း ဆိုလိုရင်းဖြစ်ပေသည်။

လူသားတိုင်းသည် မိမိအနာဂတ်ကို မိမိကသာ ပုံဖော်တည်ဆောက်နိုင်စွမ်းရှိသည်ဖြစ်၍ ဘဝမှာအောင်မြင်ကြီးပွားချမ်းသာရေးအတွက်လည်း မိမိ၏ အတွေးအခေါ်ကြံစည်လုပ်ဆောင်မှု၊ ကြိုးစားမှုတို့အပေါ်တွင်သာ တည်မှီနေလေသည်။ ကြိုးစားမှုကြောင့် ရရှိလာမည့်အကျိုးရလဒ်သည် အချည်းနှီးမဖြစ်။ မိမိကျင်လည်ရသည့် ဝန်းကျင်ဖြစ်သော အလုပ်၌ဖြစ်စေ၊ ပညာသင်ယူရာ ကျောင်း၌ဖြစ်စေ၊ မိသားစုအသိုင်းအဝိုင်း၌ဖြစ်စေ တာဝန်သိစွာ၊ မျှတစွာသုံးသပ်လုပ်ဆောင်မှုမှန်သမျှသည် မိမိအတွက် ရလဒ်ကောင်းများစွာကိုသယ်ဆောင်လာမည်ဖြစ်သည်။

ထို့ကြောင့် မိမိကျင်လည်ရသည့်ဝန်းကျင်တွင် စိတ်ပိုင်းဆိုင်ရာ သဘာဝအပေါ် နားလည်မှု၊ စိတ်ပိုင်းဆိုင်ရာ လောကအပေါ် နားလည်မှုတို့အပေါ်တွင် မျှတစွာ သုံးသပ်လုပ်ဆောင်နိုင်လျှင် ဘဝမှာ အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိပိုင်ဆိုင်မည်မှာ အသေအချာပင် ဖြစ်ပေတော့သည်။ ။

# ချမ်းသာမှုအစစ်ကို လိုချင်သလား

မောင်ထူးချွန်

ချမ်းသာမှုအစစ်ကို လိုချင်သလားဆိုရင် လူတိုင်းလူတိုင်းက ချမ်းသာမှုအစစ်ကို လိုချင်ကြမှာပါပဲ။

မောင်တို့မယ်တို့အနေနဲ့လည်း ချမ်းသာမှုအစစ်ကို လိုလားကြတာပဲမဟုတ်လား။ ချမ်းသာမှုအစစ်ဆိုတဲ့နေရာမှာ အောင်မြင်ကြီးပွားချမ်းသာမှုပဲလား။ စိတ်ချမ်းသာမှုလေလား။ ကိုယ်ချမ်းသာမှုလေပဲလား။ ကျန်းမာချမ်းသာမှုလို့ ဆိုရမလား။ ဘယ်လိုပဲဖြစ်ပါစေ ချမ်းသာမှုအစစ်ဆိုတာကို လူသားတိုင်း၊ လူသားတိုင်း အရွယ်မရွေး နှစ်သက်မြတ်နိုးလိုလားကြတာဟာ လောကသဘာဝတစ်ခုပဲပေါ့ကွယ်။

ချမ်းသာမှုအစစ်ကို သိဖို့တော့လိုတာပေါ့။ ချမ်းသာမှုအစစ်ဆိုတာ မိမိကိုယ်တိုင်ပဲ လုပ်ယူမှရတာ။ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝမှုကို မဆိုလိုပါ။ ပစ္စည်းဥစ္စာကတော့ ကြီးပွားချမ်းသာမှုတစ်ခုပါ။ ကြီးပွားချမ်းသာမှုဆိုတာကို အလုပ်အကိုင် အခွင့်အလမ်းကောင်းရင်ပဲဖြစ်ဖြစ်၊ အလုပ်တစ်ခုကို တစိုက်မတ်မတ် ကျားကုတ်ကျားခဲ ကြိုးစားလုပ်ဆောင်ရင်ပဲဖြစ်ဖြစ် ရရှိပိုင်ဆိုင်နိုင်ပါတယ်။ နောက်တစ်ခုက ထီပေါက်ရင်ပဲဖြစ်ဖြစ်၊ အမွေရရင်ပဲဖြစ်ဖြစ် ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝမှုကို အလွယ်တကူရရှိနိုင်ကြပါသေးတယ်။

မောင်တို့မယ်တို့အတွက် ချမ်းသာစစ်ဆိုတာ စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှု၊ စိတ်ရောကိုယ်ပါ ချမ်းသာမှုရှိမှ ကျန်းမာချမ်းသာမှုအစစ်ကို ရရှိမှာဖြစ်တယ်။

ကျန်းမာချမ်းသာမှုရှိမှသာ မိမိအလိုရှိရာတောင့်တအပ်တဲ့အရာတွေကို ရရှိနိုင်မှာပေါ့ကွယ်။

ကျန်းမာချမ်းသာမှုရရှိနိုင်ဖို့ရာ မခက်ခဲပါဘူး။ နေ့စဉ်လိုက်နာကျင့်ဆောင်ရမယ့် အချက်အလက်အချို့ပဲရှိပါတယ်။

၁။ မကောင်းတဲ့အမူအကျင့်တွေကို စွန့်ပယ်ရမယ်။
၂။ အလေ့အထဟောင်းတွေကို ပြောင်းနိုင်ရမယ်။
၃။ အတွေးအမြင်ဟောင်းတွေကို ပြောင်းနိုင်ရမယ်။
၄။ အယူအဆဟောင်းတွေကို ပြောင်းနိုင်ရမယ်။
၅။ ဘဝလမ်းကြောင်းပန်းတိုင် ပြောင်းနိုင်ရမယ်။

ပြုပြင်ပြောင်းလဲရမယ်ဆိုရင် လူငယ်ပဲဖြစ်ဖြစ်၊ လူကြီးပဲဖြစ်ဖြစ် မဝံ့ရဲကြဘူးကွယ့်။ ပြုလွယ်




သလောက် ပြင်လွယ်ဖို့ကြတော့ ခက်ခဲနေတတ်ကြတယ်။ ဒါကြောင့် အလွန်သေးဖွဲတဲ့ ခြေလှမ်းတွေနဲ့ စတင်ကြည့်လိုက်ပါ။ အလေ့အထတစ်ခု၊ ဖြစ်စဉ်တစ်ခုဟာတိုးတက်လာပါလိမ့်မယ်။ မျက်စိတစ်မှိတ်အတွင်းမှာ အကျိုးရှိလာမှာဖြစ်တယ်။ အပြောင်းအလဲလုပ်ခြင်းဟာ ဂုဏ်ယူစရာဖြစ်တယ်လို့ သဘောထားကို အမြင်ကျယ်ကျယ်နဲ့ ရှုမြင်သုံးသပ်လာနိုင်ရင် အပြောင်းအလဲလုပ်ခြင်းကို လက်ခံလာနိုင်ပါလိမ့်မယ်။ အဲဒီလိုလက်ခံနိုင်လာရင် အပြောင်းအလဲကို လွယ်လွယ်လေးနဲ့ အောင်အောင်မြင်မြင်လုပ်နိုင်ကြောင်း တွေ့လာမှာဖြစ်တယ်။

လွယ်လွယ်လေးပါလားဆိုတာ မိမိကိုယ်တိုင်အံ့အားသင့်စွာ သိမြင်ခံစားလာရမှာပါပဲ။

အဲဒါကြောင့် အသေးအဖွဲခြေလှမ်းလေးတွေနဲ့ပဲ စတင်လိုက်ပါ။ မောင်တို့မယ်တို့အတွက် မခက်ခဲပါဘူး။ အပြောင်းအလဲကို လက်ခံပြီး စတင်ပြောင်းလဲတော့မယ်ဆိုတဲ့ ခြေလှမ်းတွေက လှမ်းရင်းနဲ့ကို အရာထင်လာမှာဖြစ်တယ်။ တစ်လှမ်း၊ နှစ်လှမ်းကနေ ခြေလှမ်းပေါင်းများစွာရဲ့ ခြေရာတွေက အကောင်းဆုံးဆီသို့ တွန်းပို့လိုက်တဲ့အခါ တွေ့လိုက်ရတဲ့ အရွေ့တစ်ခုမှာ ကောင်းမွန်တဲ့အသီးအပွင့်တွေကို ရရှိခံစားရမှာအသေအချာပဲပေါ့ကွယ်။

### မကောင်းတဲ့အမူအကျင့်

ကျန်းမာရေးနဲ့မညီတဲ့ နေထိုင်မှုပုံစံတွေပါပဲ။ ဥပမာ မောင်တို့မယ်တို့ဟာ ထမင်းမေ့၊ ဟင်းမေ့၊ အအိပ်မေ့ ဂိမ်းကစားနေတယ်ဆိုရင် ဒါဟာ အန္တရာယ်များသွားပြီ၊ ကျန်းမာရေးကို ထိခိုက်လာတော့မယ်။ ဒါဟာ မကောင်းတဲ့အမူအကျင့်ပေါ့။ ဒါကို ပြောင်းလဲလိုက်ရတော့မှာပေါ့။

### အလေ့အထဟောင်း

နေ့စဉ်လုပ်နေကျ အလေ့အထဟောင်းတွေထဲက ဆေးလိပ်သောက်တာ၊ ကွမ်းစားတာတို့ဆိုတာကို အခုလိုအချိန်မှာ ရပ်တံ့ပစ်ရမယ်။ အဲဒါတွေဟာ အပိုငွေကုန်ကျမှုဖြစ်စေတယ်။ ကျန်းမာရေးနဲ့ မညီညွတ်ဘူးဆိုတဲ့ အသိစိတ်နဲ့တင် စွဲလမ်းနေတဲ့စိတ်အစဉ်ကို ဒုံးဒုံးချပြီး ပိုင်းဖြတ်လိုက်တဲ့ ဆုံးဖြတ်ချက်ခြေတစ်လှမ်းဟာ မိမိဘဝရဲ့ မကောင်းတဲ့ အလေ့အထဟောင်းတို့ကို အလွယ်တကူပြောင်းလဲပစ်နိုင်တာပါပဲ။

### အတွေးအမြင်ဟောင်း

နေ့စဉ်နံနက်မိုးလင်းတာနဲ့ နံနက်စာ မစားရရင်နေပါစေ။ ဂိမ်းလေးဆော့လိုက်ရမှ၊ ဆေးလိပ်လေးသောက်လိုက်ရမှ၊ ကွမ်းလေး ဝါးလိုက်ရမှဆိုတဲ့ အတွေးအမြင်ဟောင်းတွေကို အသိသတိတစ်ခုတည်းနဲ့ ရပ်တံ့ပစ်ဖို့ လိုအပ်ပါတယ်။ ချက်ချင်းလက်ငင်းပြောင်းလဲပစ်ဖို့ခက်ခဲနိုင်ပေမယ့် မိမိဘဝကို ဆိုးရာမှကောင်းလာအောင်၊ ညံ့ရာမှတော်လာအောင် ပြုပြင်ပြောင်းလဲရာမှာ မိမိကိုယ်တိုင်ရဲ့ ကိုယ်ပိုင်စိတ်ဆုံးဖြတ်ချက်ခိုင်မာဖို့ပဲလိုပါတယ်။

### အယူအဆဟောင်း

နေ့စဉ်နေ့စဉ် အိပ်ရာထပြီးတာနဲ့ အိမ်အပြင်ထွက်ဖို့ တာစူနေတဲ့အပြုအမူကို ရပ်တံ့ကာ ဘုရားရှိခိုးတာ၊ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းတို့ကပ်လှူတာ၊ သီလဆောက်တည်တာ၊ ပရိတ်ရွတ်ဖတ်တာ၊ ဘုရားဂုဏ်တော်များ ပွားများတာတွေကို နေ့စဉ်အချိန်အနည်းငယ်ပေးလို့ လုပ်ဆောင်ရာကနေ ရက်၊ လ၊ နှစ် တိုင်လာတဲ့အခါ အကြိမ်များစွာ စွဲမြဲမှုက စုပေါင်းမှုဖြစ်တည်လာပြီးတော့ ယဉ်ကျေးသိမ်မွေ့နူးညံ့တဲ့စိတ်သဘော၊ တည်ကြည်တဲ့စိတ်ထားတွေ ဖြစ်လာကာ အန္တရာယ်အခက်အခဲတွေကို မကြောက်မရွံ့နဲ့ မတုန်လှုပ်တဲ့သတ္တိတို့အဖြစ် အလိုလို စိတ်ခွန်အားတွေ ပြည့်ဝလာမှာဖြစ်တယ်။

### ဘဝလမ်းကြောင်းပန်းတိုင်

နေ့စဉ်လေ့ကျင့်ခန်း အနည်းငယ်လုပ်တာထက် တစ်နေ့ကို ၁၅ မိနစ်နဲ့အထက် ကိုယ်ကာယလေ့ကျင့်ခန်း မှန်မှန်လုပ်သူတွေက သိသာစွာ အသက်ရှည်ကြတယ်လို့ ဆိုကြတယ်။ ငွေကြေးကုန်စရာမလို၊ အလွန်အမင်း အားထုတ်စရာမလို။ တစ်နေ့ ၁၅ မိနစ်လောက် ကိုယ်ကာယလေ့ကျင့်ခန်းလုပ်ရုံနဲ့ ကျန်းမာရေး၊ အသက်ရှည်ရေးအတွက် ကြီးမားတဲ့ အထောက်အကူကိုဖြစ်စေတယ်။ နေ့စဉ်လက်၊ ခါး၊ ခြေ စတဲ့ ကာယလေ့ကျင့်ခန်းလေးတွေကို အချိန် ၁၅ မိနစ်၊ နာရီဝက်ခန့်လှုပ်ရှားပေးရုံနဲ့ကို တစ်ရက်တာအတွက် သွေးလေညီညွတ်မျှတကာ ညောင်းညာတာမရှိ၊ ဇက်ကြောတက်တာမရှိ၊ ခေါင်းကိုက်တာမရှိတဲ့အထိ ကျန်းမာရေးတိုးတက်ကောင်းမွန်စေနိုင်တယ်။

ဒါကြောင့်လည်း အချိန်တိုအတွင်းမှာ မကောင်းတဲ့အလေ့အကျင့်ဆိုးတွေကို အလွယ်တကူ ပြုပြင်နိုင်စွမ်းရှိလာတာနဲ့အမျှ ဘဝတစ်ခုလုံးဟာ အမှောင်မှအလင်းသို့၊ အမည်းမှအဖြူသို့ အချိန်တိုအတွင်းမှာ အမှန်တကယ်ပင် ပြောင်းလဲပစ်နိုင်မှာဖြစ်တယ်။

ဘဝကိုကောင်းမွန်အောင် တည်ဆောက်လိုရင်တော့ ကောင်းတဲ့အတွေးအကြံ၊ ကောင်းတဲ့စိတ်ကူးစိတ်သန်းတွေ၊ ကောင်းတဲ့၊ စာနာတဲ့၊ ကူညီတဲ့၊ မျှဝေတဲ့အပြုအမူတွေနဲ့သာ စုစည်းတည်ဆောက်ရမှာဖြစ်တယ်။

ကောင်းမွန်တဲ့ အလေ့အထတွေ၊ အလေ့အကျင့်တွေဖြစ်အောင် ခြေလှမ်းတွေတစ်လှမ်းပြီးတစ်လှမ်း လှမ်းလာသလို ကြိမ်ဖန်များစွာလုပ်ဆောင်တဲ့အခါ ကိုယ်ကျန်းမာမှုက အားကောင်းလာကာ စိတ်ချမ်းသာမှုတွေ တိုးပွားလာပါလိမ့်မယ်။

မောင်တို့မယ်တို့အနေနဲ့ မကောင်းမှုတွေကို ရှောင်ရှားလာနိုင်ပြီး ပြောင်းလဲမှုတွေကို လက်ခံလာနိုင်ကာ ပြုပြင်မှုတွေနဲ့အတူ နေ့စဉ်ကျင့်ကြံလုပ်ဆောင်လာနိုင်တဲ့အခါ ကိုယ်ရောစိတ်ပါချမ်းသာလို့ ချမ်းသာသုခအစစ်ကို မလွဲမသွေရရှိလာတော့မှာပေါ့ကွယ်။ ။

# အလုပ်လုပ်အောင်စေ့ဆော်ရန် နည်းလမ်းကောင်းတစ်ခု

အောင်မြတ်စည်သူ

အပိုင်းပိုင်းစိတ်လိုက်လျှင် မနိုင်နင်းသောအလုပ်မရှိဟု ဟင်နရီဖို့ဒ်က သူ၏ လုပ်ဖော်ကိုင်ဖက်များကို အမြဲတစေ ထောက်ပြလေ့ရှိခဲ့သည်။ သို့သော် အလုပ်တစ်ခုကို စိတ်ပိုင်းပြီဆိုလျှင် အစကနဦးအပိုင်းကို စတင်ဆောင်ရွက်ရာ၌ သင့်ကိုယ်သင် အနည်းငယ်နှေးကွေးခွင့်ပြုရန် အမှတ်ရပါ။ ဖြည်းဖြည်းဆေးဆေး၊ အေးအေးလူလူလုပ်ပါ။ အဘယ်ကြောင့် သင်မည်မျှမြန်ဆန်စွာ လုပ်ကိုင်နေသည်ဆိုသည့်အချက်က အရေးမကြီးချေ။ သင် လုပ်ကိုင်နေသည်ဆိုသည့် အနေအထားကသာ အရေးပါသည်။

ကျွန်တော်တို့၏အခက်ခဲဆုံးအလုပ်အများစုသည် မည်သည့်အခါမှာမှ ပြီးစီးပုံမရှိတတ်ချေ။ လုပ်ငန်းတစ်ခုလုံးကို စွမ်းအားမြင့်မြင့်ဖြင့် လုပ်ကိုင်ရမည့်အရေးကပင် စိတ်ဓာတ်တက်ကြွမှု မပေါ်ပေါက်စေအောင်ပင် စိတ်ကိုသွေးသွားစေလေ့ရှိတတ်သည်။

သို့သော် သင့်ကို ထိုအလုပ်လုပ်အောင်စေ့ဆော်ရန် နည်းလမ်းကောင်းတစ်ရပ်ကား ကမ္ဘာပေါ်တွင် သင်သည် အပျင်းရိဆုံးလူဟု ပုံဖမ်းရန်ပင်ဖြစ်သည်။ (ကျွန်တော့်အတွက် ထိုအနေသည် ပုံဖမ်းရန် သိပ်မလိုအပ်ခဲ့သော အနေဖြစ်သည်) သင့်အလုပ်ကို သင် နှေးကွေးပျင်းရိစွာ လုပ်ကိုင်မည်ဟု ခံယူစိတ်ကပင် ထိုအလုပ်ကို မစမိ၊ မလုပ်မိသည့်သောက သို့မဟုတ် စိုးစိတ်တို့ ကင်းမဲ့စေသည်။ တကယ်တမ်းပြောရလျှင် သင်သည် အနှေးပြဟာသဇာတ်ကားတစ်ကားတွင် ပါဝင်နေသည်ကဲ့သို့၊ အလုပ်ထဲသို့ ရေဖြင့်ပြုလုပ်ထားသူတစ်ဦး စီးဝင်နေသည်ကဲ့သို့ စီးဝင်ခြင်းဖြင့် အလုပ်ထဲဝင်ရောက်ရသည်ကို ပျော်စရာဖြစ်အောင် စိတ်ကူးနိုင်သည်။

သို့သော် ဝိရောဓိသဘာဝကား လုပ်ငန်းတစ်ခုကို အစနှေးလေလေ အဆုံးသတ်မှုမြန်လေလေပင်ဖြစ်သည်။

ခက်ခဲသော သို့မဟုတ် လွှမ်းမိုးသောအလုပ်တစ်ခုကို လုပ်ကိုင်ရန် သင် ကနဦးတွေးသောအခါတွင် သင်သည် ထိုအလုပ်ကို မလုပ်ချင်သည့် ပုံစံ အဓိက အာရုံတွင်ခံစားမိသည်။ တစ်နည်းပြောရလျှင် အလုပ်ကို မြန်ဆန်စွာ၊ ပြင်းထန်စွာလုပ်ကိုင်ခြင်းသည် သင့်အတွက် စိတ်ချမ်းမြေ့စရာ လုပ်ငန်းပုံရိပ်တစ်ခုမဟုတ်ချေ။ ထို့ကြောင့် ထိုအလုပ်ကို လုံးဝ မလုပ်ရအောင် ရှောင်ရှားနည်းများကို သင် ကြံဆလေ့ရှိသည်။

နှေးကွေးစွာစတင်ရန်အတွေးသည် လွယ်ကူသောအတွေးတစ်ရပ်ဖြစ်သည်။ နှေးကွေးစွာလုပ်ကိုင်ခြင်းသည် ယင်းအား အမှန်တကယ်ပင် စတင်လုပ်ကိုင်လာစေသည်။ သို့ဖြင့် လုပ်ငန်းအပြီးသတ်ဖြစ်ရသည်။

လုပ်ငန်းတစ်ခုထဲသို့ သင် နှေးကွေးစွာ စီးဝင်သောအခါတွင် ဖြစ်လေ့ရှိသော တခြားအချက်ကား သင်ဖျစ်ညှစ်မထုတ်ရပါဘဲ အမြန်နှုန်းကား သင့်ကို ကျော်တက်လာလေ့ရှိမည်။ သင့်ခန္ဓာကိုယ်အတွင်းမှ သဘာဝနာရီက သင်လုပ်ကိုင်နေသည့်အရာနှင့် အချိန်ကိုက်လာသည်ကဲ့သို့ပင်ဖြစ်သည်။ သင့်အသိစိတ်က ဖျစ်ညှစ်လုပ်ကိုင်နေမှုတန့်ပြီး သင့်မသိစိတ်က အလွယ်တကူ အင်အားဖြည့်တင်းလာပုံကို သင် အံ့သြမိရပေမည်။

ထို့ကြောင့် အချိန်ယူပါ။ ပျင်းရိစွာစတင်ပါ။ မကြာမီကာလတွင် သင်၏အလုပ်သည် ပေါလ်မက္ကာသနီ၏ Red Rose Speedway သီချင်းခွေမှ ဆွဲဆောင်မှုပြင်းလှသော 'Oh Lazy Dynamite' ၏ နာရီအတိုင်း မပြတ်နှေးနှေး ခတ်နေမည်။

ဒိုင်းနမိုက်က သင့်ကိုယ်တွင်း ရှင်သန်နေသည်။ ယင်းကို ဖောက်ခွဲရန်အတွက် သင် အူယားဖားယားဖြစ်နေရန် မလိုချေ။ ဖြည်းလေးစွာ ခတ်လိုက်သော မီးခြစ်ပင်ဖြစ်သော်လည်း ယင်းက ကောင်းစွာ ထတောက်လေ့ရှိသည်။

Ref: A great way to motivate yourself to work by Steve Chandler



ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၌ ဦးစီးပဓာနနာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တပုညနန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)က ကျောင်းသားကျောင်းသူများအတွက် ဝါတွင်းကာလ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် ဖွင့်လှစ်ပို့ချပေးစဉ်။

၂၁၀






## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

## မြန်မာ့လက်ရွေးစင် အမျိုးသမီးတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်း အိန္ဒိယကလပ်သို့ ပြောင်းရွှေ့

ရန်ကုန် ဩဂုတ် ၁၅

မြန်မာ့လက်ရွေးစင် အမျိုးသမီးတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းသည် အိန္ဒိယကလပ် Lords FA အသင်းသို့ ပြောင်းရွှေ့ကစားနေပြီ ဖြစ်သည်။

ဝင်းသိင်္ဂီထွန်းသည် မြန်မာအမျိုးသမီး ဘောလုံးသမားများ တွင် ပထမဆုံးပြည်ပထွက် ကစားသူဖြစ်ပြီး ဒုတိယမြောက် ပြည်ပကလပ်အသင်းအဖြစ် Lords FA အသင်းသို့ သုံးလစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ Lords FA အသင်းသည် Kerala Women's League 2022–2023 တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ဩဂုတ် ၁၁ ရက်က ရာသီအစ အဖွင့်ပွဲအဖြစ် Bosco FA အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည်။ Lords FA အသင်းသည် ယင်းပွဲတွင် ၁၂ ဂိုး – ၂ ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဝင်းသိင်္ဂီထွန်းသည် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကာ လေးဂိုး အထိ



သွင်းယူပေးနိုင်ခဲ့သည်။ Lords FA အသင်းယှဉ်ပြိုင်နေသည့် Kerala Women's League 2022–2023 တွင် ချန်ပီယံဆုရသည့်အသင်းမှာ အိန္ဒိယ အမျိုးသမီး လိဂ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ဝင်းသိင်္ဂီထွန်းသည် ၂၀၂၀ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မေလအထိ အိန္ဒိယအမျိုးသမီးကလပ် ဂိုကူလမ်အသင်းတွင် သွားရောက်ကစားခဲ့သည်။

**သတင်း–ကိုညီလေး**

**ဓာတ်ပုံ–MFF**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ်ရှိ မင်္ဂလာရာမပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကမော့ကစင် ကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သဒ္ဓမ္မဇောတိက သုဇာတာရုံကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ဟံသာဝတီတိုက်သစ်စာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မောဒယပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်တို့သို့လည်းကောင်းဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ **MNL ပြိုင်ပွဲမှ**

မဟာယူနိုက်တက်အသင်းသည် နိုင်ပွဲရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ပွဲပြီးခါနီးတွင်ရရှိသည့် ပင်နယ်တီကိုဝင်အောင် မသွင်းနိုင်သဖြင့် သရေတစ်မှတ်ပင် ရယူနိုင်ခြင်းမရှိခဲ့ပေ။

ပထမပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်သော်လည်း အား/ကာသိပ္ပံအသင်းက ဂိုးသွင်းခွင့်ပိုမိုရရှိခဲ့သည်။ သို့သော် အား/ကာသိပ္ပံအသင်းသည် အဆုံးသတ်ပိုင်းတွင် အားနည်းချက်များရှိသဖြင့် ဂိုးမရဘဲ ထောင့်ကန်ဘောကို တိုက်ရိုက်ကန်သွင်းရာတွင်လည်း မဟာယူနိုက်တက်ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် မဟာယူနိုက်တက်အသင်း ဂိုးသွင်းခွင့်ရသော်လည်း အသုံးမချနိုင်သဖြင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။

ဒုတိယပိုင်းတွင် အား/ကာသိပ္ပံအသင်းက အနိုင်ဂိုးရရန် ကြိုးပမ်းလာပြီး ၅၃ မိနစ်တွင် ခင်ကျော်ဝင်းက သွင်းယူခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ချေပဂိုးရရန် ကြိုးပမ်းခဲ့ပြီး ၈၆ မိနစ်တွင် ပင်နယ်တီကန်ခွင့်ရခဲ့သည်။ ယင်းပင်နယ်တီကို ကျော်စွာမင်း ကန်သွင်းသော်လည်း အား/ကာသိပ္ပံဂိုးသမား ဇင်ညီညီအောင် ကာကွယ်နိုင်ခဲ့သည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ရှစ်ပွဲကစား ရမှတ် ၁၄ မှတ်၊ မဟာယူနိုက်တက်အသင်းက ရှစ်ပွဲကစား ရမှတ် ခြောက်မှတ်ရရှိထားသည်။

ပွဲစဉ် (၈) လက်ကျန်ပွဲများအဖြစ် ဩဂုတ် ၁၇ ရက်တွင် ရတနာပုံအသင်းနှင့် မြဝတီအသင်း၊ ဩဂုတ် ၁၈ ရက်တွင် ရခိုင်ယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး**

**ဓာတ်ပုံ–MNL**


**"ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း"**

ရန်ကုန်မြို့၊ တွံတေးမြို့နယ်၊ အလံအုပ်ကျေးရွာ၊ ကျိုက်ပါဘုရားလမ်း၊ အမှတ်(၁၅၂)တွင်တည်ရှိသော **"Dragon King" Purified Drinking Water** အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်–




အထက်ဖော်ပြပါ လုပ်ငန်းကုန်အမှတ်တံဆိပ်အမည်ကို (၂၆-၇-၂၀၂၂)ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၅၆၆၃/၂၀၂၂) ဖြင့် မှတ်ပုံတင်သွင်းထားသည့်ကုန်အမှတ်တံဆိပ်၏မူပိုင်ရှင်ဖြစ်ပါသည်။

ယင်းအမှတ်တံဆိပ်နှင့်ပတ်သက်၍ အခြားပစ္စည်းများထုတ်လုပ်ရောင်းချမည်ဖြစ်ပါသဖြင့် ယင်းကုန်အမှတ်တံဆိပ်အားတုပခြင်း၊ ဆင်တူယိုးမှားဖြစ်ခြင်း၊ အမည်စာသားတစ်စိတ်တစ်ဒေသကို ပုံစံတူထုတ်လုပ်ရောင်းချခြင်းအစရှိသည်တို့ မပြုလုပ်ရန် အသိပေးတားမြစ်ပါသည်။ ပြုလုပ်ဆောင်ရွက်မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးရဲနောင်စိုး (ခ) ဦးကြည်မင်းသိန်း၊**
**ဦးညီသောင်းထိုက်တို့၏ လွှဲအပ်တာဝန်ပေးချက်အရ–**
**ဒေါ်ဝင်းဝင်းသောင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၂၉)**
**အမှတ်–၉၉၃၊ ရန်ပြေ (၄)လမ်း အရှေ့၊ ၂/တောင်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၈၁၈၁၆**


## လူဦးရေစာရင်း မှန်ကန်မှုရှိ/မရှိနှင့် အဘိတ်ဆေးခတ်ပေးခြင်း ကွင်းဆင်းဆောင်ရွက်

မင်းတပ် ဩဂုတ် ၁၅

ချင်းပြည်နယ် မင်းတပ်မြို့၌ လူဦးရေစာရင်း မှန်ကန်မှုရှိ/မရှိ လူဦးရေစာရင်း ၆၆/၆ (က)ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်းနှင့် အဘိတ်ဆေးခတ်ပေးခြင်း ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၉ နာရီတွင် စံပြရပ်ကွက်မှစတင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏လူဦးရေစာရင်း ၆၆/၆(က) မှန်ကန်မှု ရှိစေရေး၊ ပြောင်းဝင်/ပြောင်းထွက် စာရင်း မှန်ကန်မှု ရှိ/မရှိ၊ ဖွား/သေစာရင်း ရေးသွင်းထားရှိမှု မှန်ကန်မှု ရှိ/မရှိနှင့် မဲစာရင်းတိကျမှန်ကန်မှု ရရှိစေရေးအတွက် မင်းတပ်မြို့ စံပြရပ်ကွက်မှစတင်၍ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြသည်။ ထို့အတူ ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရေကန်၊ ရေပုံးများတွင် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝေဖြိုး(ဇလပ်မြေ)**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈-U/10)၊ မြေကွက်အမှတ်-၉၀နှင့် ၎င်းမြေကွက်ပေါ်ရှိ (DGM) ရေသန့်စက်ရုံလုပ်ငန်းတို့နှင့် ပတ်သက်၍ အများသိစေရန်

အထက်ပါ လိပ်စာတည်ရှိရာ ဒဂုံမြို့သစ်(မြောက်ပိုင်း) ကျန်းမာရေးလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊ အမှတ်(၉၀)ရှိ ဦးတိုးဝင်း (ဘ) ဦးစိုးလှ [၁၂/ဥကမ(နိုင်)၀၅၆၇၃၂]ပိုင်ဆိုင်သောဧရိယာ(၀.၁၂၃)ဧကရှိဂရန်မြေကွက်နှင့်တကွ မြေကွက်ပေါ်ရှိ DGM ရေသန့် စက်ရုံရေသန့်လုပ်ငန်းနှင့် ဆက်စပ်ပစ္စည်းများ လုပ်ငန်းသုံးကား (၂)စီး 8K-၈၆၁၅ နှင့် 8L-၂၃၈၄ တို့အား ဦးတိုးဝင်းမှ မိမိတစ်ဦးတည်းလက်ဝယ်ပိုင်ဆိုင်၍ အပေါင်အနှံ၊ အရှုပ်အရှင်းများ ကင်းရှင်းကြောင်းဝန်ခံ၍ပြန်လည်လွှဲပြောင်းရောင်းချလိုကြောင်းကမ်းလှမ်းလာရာကျွန်ုပ်၏မိတ်ဆွေမှအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်သဘောတူညီပြီးဖြစ်သဖြင့်ရောင်းဖိုးပစ္စည်းတန်ဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍တစ်စုံတစ်ရာအရေးဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်မာသော စာရွက်စာတမ်းမူရင်းများဖြင့် (၇)ရက်အတွင်းလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမာတင့် (စဉ်-၇၂၄)**
**အမှတ်-၄၊ ချယ်ရီလမ်း၊ တော်ဝင်ချယ်ရီအိမ်ရာ၊ မင်းဓမ္မလမ်း၊**
**(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉- ၉၆၀၁၁၇၈၀၀**

**ကင်ဆာ**- လျှာ၊ သဖုံ၊ ရင်သား၊ သားအိမ်၊ အဆုတ်၊ အသဲ၊ လည်ပင်း၊ သွေးကင်ဆာ၊ ရောဂါများကို ဆေးမသွင်း၊ ခါတ်မကင်၊ မခွဲမစိတ်ပဲကုသပေးသည်။
**အစုသင်း**- ပင်ကိုယ်အသားရောင်အတိုင်းဖြစ်အောင်ကုပေးသည်။
B+,C+, HIV+များကို Negative ဖြစ်သည်အထိကုပေးသည်။
**ဆီးချို၊ ဆီးကြိတ်** - အထူးသောက်ဆေးနှင့် အပြီးကုသည်။
**လိင် + ဂရင်ဂျီနာ** - တခါကုပြီးပြန်မဖြစ်အောင် ကုပေးသည်။
**ဂမ္ဘီရသုခ သစ္စာရှင်ဆေးတိုက်** - ဃ/၂၈၉၊ ဓမ္မာသီလမ်းမ၊ မ/ဥက္ကလာ။
Ph: 09 261186511, 09 953166459

**ရောင်းမည်**
* ပုဂံမြို့သစ် (၁၄ခန်း)လိုင်စင်ရ ဟိုတယ်(60'x80') ဒေါင့်ကွက်
* မ/ဥ (55'x75') ဆေး ၂အနီး
* မ/ဥ (34'x75') ဆေး ၂အနီး
* မ/ဥ (14'x75') ဆေး ၂အနီး
Ph 09 261186511, 09 953166459

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးရဲသီဟ[၁၂/မဂတ(နိုင်)၁၀၄၆၇၈] CDC No. 111577 ကိုင်ဆောင်သော သင်္ဘောသား SID ကတ်ပြား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-758210810**

## (၁၂-၈-၂၀၂၂) ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ-၂၁ တွင်ပါရှိသော ဦးဆန်းအေး (ဘ) ဦးအီဗရာဟင် [၁၀/သထန(နိုင်)၁၅၅၃၅၃]၏ ကြေညာချက်အပေါ် အများသိစေရန် ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့၊ မြေကွက်အမှတ်-၁၁၇/ည-၁၊ ဧရိယာ (၀.၀၈၃) ဧက၊ မြေအမျိုးအစား-နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်-၁၊ အနီဃာလမ်း၊ (၁၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်ကြည်(ခ)စဘူဒါ [၁၂/ရကန(နိုင်)၀၅၇၅၃၀] အမည်ဖြင့် (၂၂-၉-၂၀၀၃) ရက်နေ့ကတည်းက တရားဝင်အမည်ပေါက်ပိုင်ဆိုင်ခဲ့သော မြေကွက်ဥပစာဖြစ်ပါသည်။

အဆိုပါ မြေကွက်ဥပစာနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ အမွေအပြီးအပိုင် စွန့်လွှတ်စာချုပ်အမှတ်-၇၃၀/၇၇ အရ အမွေဆိုင်ညီအစ်ကိုမောင်နှမများအားလုံးအပါအဝင် ဦးအီဘရာဟင် (BF-၀၁၁၆၄၆) တို့ (၇) ဦးမှ တရားဝင်စွန့်လွှတ်ခဲ့သဖြင့် ဒေါ်ကြည် (ခ) စဘူဒါ [၁၂/ရကန(နိုင်)၀၅၇၅၃၀] မှ အနှောင့်အယှက်မရှိ လက်ဝယ်ထားရှိ စီမံခန့်ခွဲခြင်းဖြစ်ပါသည်။

မိခင်ကြီး ဒေါ်ကြည် (ခ) စဘူဒါအမည်ပေါက်ပိုင်ဆိုင်သော အထက်ဖော်ပြပါ မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် စပ်လျဉ်း၍ တရားဝင်ဆက်ခံသူ သားသမီးများမှ လွှဲပြောင်းရောင်းချစီစဉ်ဆောင်ရွက်မှုအပေါ် အမွေအပြီးအပြတ်စွန့်လွှတ်သူဖြစ်သော ဦးအီဘရာဟင် (BF-၀၁၁၆၄၆) ၏ သားတစ်ဦးဖြစ်သူ ဦးဆန်းအေး [၁၀/သထန(နိုင်)၁၅၅၃၅၃]မှ ယခုကဲ့သို့ ကန့်ကွက်ကြေညာခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါကြေညာချက်အား (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန် ဦးဆန်းအေးနှင့် အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်ရီရီနွဲ့ [၁၀/ဘလန(နိုင်)၂၁၈၃၀၄]၊ ဦးသန်းမြင့် [၁၂/ရကန(နိုင်)၀၅၇၅၂၆] ဒေါ်ခင်စန်းနွဲ့ [၁၂/ရကန(နိုင်)၀၅၇၂၃၅]၊ ဦးသက်နိုင် [၁၂/ရကန(နိုင်)၀၅၇၅၂၉] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၇) ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်-၅၀၀၊ စတုတ္ထထပ် (ဘယ်)၊ အခန်း (၇) ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသည့် ရေလိုင်း (ရေစုပ်စက်)၊ မီးလိုင်း (လျှပ်စစ်မီတာ N-79792, G-287241)၊ တယ်လီဖုန်းနံပါတ် (၂၅၂၇၇၅) အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်မာရီ (၁၂/ပဘတ (နိုင်) ၀၂၃၆၉၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်ရန်အကြောင်း တစ်စုံတစ်ရာရှိပါက ဤကြော်ငြာပါရှိသည့် နေ့ရက်မှစ၍ ကျွန်ုပ်ထံသို့ မည်သူမဆို (၁၄) ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းများနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ ယင်းသတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ပါတိုက်ခန်း၏ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သန္တာ
**LL.B., D.B.L., D.M.L., D.I.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၀၅၈)
တိုက် (၁)၊ အခန်း (၁၆)၊ ဦးဝိစာရအိမ်ရာ၊
မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
Res : ၃၉၅၃၁၂ ၊ HP : ၀၉၅၁၁၇၈၇၅၊ HP : ၀၉၂၅၀၀၂၆၄၇၇

## ဦးမိုးကျော်သူ(အဖ) ဦးကျော်မြင့် [၇/ပမန(နိုင်)၁၂၀၃၂၄]အား မိသားစုအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ အောင်ဆန်းပြည်သာယာအပိုင်း(၂)၊ အမှတ်(၁၅၂)နေ ဦးမိုးကျော်သူ(ဘ) ဦးကျော်မြင့် [၇/ပမန(နိုင်)၁၂၀၃၂၄]သည် မိခင်/ညီ/ညီမများနှင့် သမီးဖြစ်သူတို့အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါ သဖြင့် သား/အစ်ကို/ ဖခင်အဖြစ်တို့မှ သက်ဆိုင်ပတ်သက်လိုခြင်းမရှိတော့ပါသဖြင့် ယနေ့မှစ၍ မိသားစုဝင်အဖြစ်မှ ရပ်စဲ၍ ၎င်း၏လူမှုရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စအဝဝတို့သည် မိသားစုများနှင့် မသက်ဆိုင်တော့ပါကြောင်း၊ နောက်နောင် ဦးမိုးကျော်သူနှင့် ပတ်သက် သောကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းမည်မဟုတ်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

**(မိခင်) ဒေါ်ခင်လှဝင်း [၁၃/သပန(နိုင်)၀၀၆၈၀၆]နှင့် ညီမ/ညီ၊ ဒေါ်ခင်ဝါဝါကျော် [၁၃/သပန(နိုင်) ၀၀၆၈၀၇]၊ ဦးရဲသီဟကျော် [၁၃/သပန(နိုင်)၀၀၀၂၈၈]၊ ဦးကျော်ဇေယျ [၁၃/သပန(နိုင်)၀၀၀၁၄၃]၊ (သမီး) မိုးမြင့်စန္ဒီ [၇/ပမန(နိုင်)၁၃၂၀၀၀]တို့၏ ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းမာတင့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၄)**
**အမှတ်(၄)၊ တော်ဝင်ချယ်ရီအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၆)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၀၁၁၇၈၀၀**

## မောင်ကြည်သာဟန် [၁၂/ကတတ(နိုင်)၀၂၇၇၈၈]အား အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ရေကျော်၊ ဝတ်ကျောင်းလမ်း၊ အမှတ်(၄၄)၊ မြေညီထပ်နေ ဒေါ်ချမ်းမြမြကျော် [၁၂/ကတတ(နိုင်)၀၀၄၂၉၃]၏ သားအကြီးဖြစ်သူ မောင်ကြည်သာဟန် [၁၂/ကတတ(နိုင်)၀၂၇၇၈၈]သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံမှုမရှိသည့်အပြင် မိခင်နှင့် မိသားစုဝင်များအပေါ် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်ခြင်း၊ ရိုင်းပျစော်ကားစွာ ဆက်ဆံခြင်းများရှိသည့်အတွက် မည်သို့မျှ သည်းခံနေထိုင်နိုင်ခြင်းမရှိတော့ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အပြီးအပိုင် ရပ်စဲ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ကြည်သာဟန်နှင့် ပတ်သက်၍ ၎င်း၏ လူမှုရေး၊ စီးပွားရေး၊ ကိစ္စအရပ်ရပ်အားလုံးတို့အပေါ် ပါဝင်ပတ်သက်မှုမရှိတော့ဘဲ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချမ်းမြမြကျော် [၁၂/ကတတ(နိုင်)၀၀၄၂၉၃]၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သွင်သွင်ခိုင်(စဉ်-၁၆၁၆၇)**
**တရားလွှတ်တော်ရှေ့နေ**
**မ-၈၅၄၊ ဝက်မစွတ်နဝဒေးလမ်း၊**
**၃၆/၁ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စော်ရန်ပိုင်(အရှေ့)ရပ်ကွက်၊ သဇင်လမ်း၊ Tha Zin (Condo) တိုက်အမှတ်(၁၁)၊ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၇-လွှာ၊ အခန်းအမှတ်(၇၀၁)၊ အကျယ်အဝန်း(၁၇၀၃) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခုရောင်းချသူ ဒေါ်အေးအေးမွန် [၆/မအရ(နိုင်)၀၂၆၆၄၂] က (၁၀-၄-၂၀၁၇)ရက်စွဲပါ စာချုပ်အရ တရားဝင် ပိုင်ဆိုင်ခဲ့ပါသည်။ တိုက်ခန်းမူလပိုင်ရှင် ဦးဇော်မင်းထွန်း [၁၂/မရက(နိုင်)၁၂၂၁၁၃] Crown Avanced Construction Co.,Ltd နှင့် မြေရှင် ဒေါ်ရှုဘီ [၁၂/အလန(နိုင်)၀၁၇၃၇၁]တို့ထံမှ ဝယ်ယူပိုင်ဆိုင်ထားခြင်းဖြစ်ပါသည်။ တိုက်ခန်းအမည်ပေါက်ပိုင်ရှင် ဒေါ်အေးအေးမွန် [၆/မအရ(နိုင်)၀၂၆၆၄၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ရီ (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၃၀၃၆၊ နေ့စွဲ ၂၇-၂-၈၅)**
**အမှတ်(၂၂)၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၅၀၃၂၃၈၊ ၀၁-၂၂၃၉၅၆**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ ၉၉၉၉ အဆောက်အဦ၊ တိုက်(B-2)၊ အခန်း(၂၅)၊ ၄-လွှာ၊ တတိယထပ်၊ (၁၈'x၅၅')အကျယ်ဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဒေါ်လူမွေးဖွန်း(ခ)ဒေါ်ခင်ခင်မြင့်[၁၂/လမန(နိုင်)၁၂၃၉၃၈]မှ ဝယ်ယူလက်ရှိထားပိုင်ဆိုင်လျက် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်အေးသန့်ဇင်(LL.B,LL.M)** | **ဦးအောင်မျိုးခိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၄၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၃၆)** |
| **(၂၁-၁၁-၂၀၁၃)** | **(၂၉-၆-၂၀၁၈)** |

**အမှတ်(၁၇)၊ ဂန္ဓမာလမ်း၊ (၆)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၉၀၀၃၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ည၊ မြေကွက်အမှတ်-၂/ခ၊ ဧရိယာ(၀.၀၂၃)ဧက၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၂/ခ)၊ သုဓမ္မာလမ်းမ၊ ည-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင် သော မြေနှင့် (၅)ထပ်တိုက် အဆောက်အဦအကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင် ဒေါ်ကြင်မြင့်[၁၂/ဥကမ(နိုင်)၀၂၄၂၂၇]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၉၂)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၈-အေ၊ မြေကွက်အမှတ်-၂၁၃၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၂၁၃)၊ ဗိုလ်မင်းရောင်လမ်း၊ ၂/ခ-ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင် ဒေါ်ဥမ္မာဒေဝီ[၁၂/မဂဒ(နိုင်)၀၉၃၃၇၆]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၉၂)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

**ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉-ဒီ)၊ မြေကွက်အမှတ်(၁၂၄-ဘီ/၁)၊ ဧရိယာ(၀.၁၂၅ ဧက)အကျယ်ရှိ ဦးရဲမင်း(ခ) အလီမိုဟာမက် အမည်ပေါက် မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ် ထားသော တစ်ထပ်တိုက်(ရေ/မီး အပါအဝင် ကားဂိုဒေါင်နှစ်ထပ်တွဲလျက်) အဆောက်အဦငယ်တစ်လုံး၊ (၃)ခန်းတွဲ(၆)ထပ်တိုက်အဆောက်အဦ၏ မြေရှင်အကျိုးခံစားခွင့်နှင့် မြေကွက်အမှတ်(၁၂၄-ဘီ နှင့် ၁၂၄-ဒီ တို့အကြားရှိ လမ်းကြားကို ဝင်ထွက်သွားလာနိုင်သည့် အခွင့်အရေးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**ကို အမည်ပေါက်ပိုင်ဆိုင်သူ **ဦးရဲမင်း(ခ) အလီမိုဟာမက် [၁၂/ပဘတ(နိုင်)၀၁၆၄၅၉]**မှ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ **ဦးသိမ်းအုပ် [၁၂/ဒဂန(နိုင်)၀၃၂၇၃၆]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ထို့အတွက် အထက်ဖော်ပြပါမြေနှင့် အဆောက်အဦအရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်မာသည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ကာလပြည့်မြောက်သည့် နေ့ရက်သို့ရောက်သည့်တိုင် ကန့်ကွက်မည့်သူတစ်စုံတစ်ဦးမျှမရှိပါ က အထက်ဖော်ပြပါ မြေနှင့်အဆောက်အဦအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးအောင်ဇော်မျိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၃၃)**

| | |
|---|---|
| **ဒေါ်ဝင်းပပ(LL.B)** | **ဒေါ်ခင်မျိုးကြည်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၆၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၇၁)** |

**UAZM LAW FIRM LIMITED**
**အမှတ်-၁၂၃/၁၃၃၊ အခန်းအမှတ်- 6-B ၊ Pansodan Business Tower**
**ပန်းဆိုးတန်းလမ်းနှင့် အနော်ရထာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Phone: 09-5184231, 09-8614512, 09-49208402**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

**ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉-ဒီ)၊ မြေကွက်အမှတ်(၁၂၄-ဘီ/၁)၊ ဧရိယာ (၀.၁၂၅-ဧက) အကျယ်ရှိ မြေပိုင်မြေအမျိုးအစားမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ကမာရွတ်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်(၁၀၁-ဘီ) ဟုခေါ်တွင်သည့် (၃)ခန်းတွဲ (၂)ထပ်တိုက်အဆောက်အဦ၏ အခန်းအမှတ် (၁)၊ အခန်းအမှတ်(၂)၊ အခန်းအမှတ် (၃)၊ အခန်းအမှတ်(၄)၊ အခန်းအမှတ်(၅) နှင့် အခန်းအမှတ်(၆) ဟုခေါ်တွင်သည့် တိုက်ခန်း(၆)ခန်းနှင့် ယင်းတိုက်ခန်းများနှင့် ဆက်နွယ်ပတ်သက်ခံစားခွင့်ရှိသည့် ကိုယ်ပိုင်မီတာနှင့် ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**ကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသည့် **ဦးတင်မြင့် [၁၂/တမန(နိုင်)၀၆၇၇၅၆]၊ ဒေါ်ဝင်းမူတင် [၁၂/ရကန(နိုင်)၀၂၅၇၆၂]၊ ဦးစန်ချို (ခ) ချန်စောင်ချို (အယ်လ်တီအေ-၀၀၀၅၈၆)၊ ဒေါ်လေးခိုင်ခိုင် [၁၂/သဃက(နိုင်)၁၁၆၂၆၃]၊ ဒေါ်မြမြဝင်း [၁၂/ကမရ(နိုင်)၀၀၅၅၆၂]နှင့် ဒေါ်လှလှ [၁၂/လမတ(နိုင်) ၀၁၇၈၆၉]တို့**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ထို့အတွက် အထက်ဖော်ပြပါ တိုက်ခန်း(၆)ခန်း အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄-ရက်)အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်မာသည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ကာလပြည့်မြောက်သည့် နေ့ရက်သို့ ရောက်ရှိသည့်တိုင် ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အထက်ဖော်ပြပါ တိုက်ခန်းများ၏ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးအောင်ဇော်မျိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၃၃)**

| | |
|---|---|
| **ဒေါ်ဝင်းပပ (LL.B)** | **ဒေါ်ခင်မျိုးကြည်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၆၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၇၁)** |

**UAZM LAW FIRM LIMITED**
**အမှတ်-၁၂၃/၁၃၃၊ အခန်းအမှတ်-6-B၊ Pansodan Business Towen ပန်းဆိုးတန်းလမ်းနှင့် အနော်ရထာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Phone: 09-5184231, 09-8614512, 09-49208402**

## စမ်းချောင်းမြို့နယ်၊ လင်းလွန်း/တောင်ရပ်ကွက်၊ ကျိုက်လတ်လမ်း၊ အမှတ်(၂၉)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ ၄-လွှာ/ဘီ၊ (ခြေရင်းခန်း)၊ (၁၂ ½ ပေx ၅၀ ပေ) ခန့်ရှိ ရေ၊ မီးအစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်စိမ်းလှဲ့ထွန်း[၁၂/လမန(နိုင်)၀၂၆၄၁၇] ထံမှ ဒေါ်အားဘိုးမင်း[၁၃/လရန(နိုင်)၀၈၇၆၅၉]က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

## စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ ရန်အောင်လမ်း၊ အမှတ်(၆)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ ၅-လွှာ၊ (ခြေရင်းခန်း)၊ (၁၅ပေx ၆၀ ပေ)ခန့်ရှိ ရေ၊ မီးအစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ငွေးငွေးရီ[၆/မမန(နိုင်)၀၀၀၀၄၅]ထံမှ ဒေါ်စိမ်းလှဲ့ထွန်း[၁၂/လမန(နိုင်)၀၂၆၄၁၇]က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ကျွန်ုပ်ထံသို့ (၇)ရက် အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Japan- ဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09- 777797911, 09- 789877799, 09- 799933939**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့ အခြေခံဟာ "လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ" ပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲကမှတစ်ဆင့် ရရှိလာတဲ့ ရလဒ်တွေအရ လွှတ်တော်အသီးသီးနဲ့ အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းတည်ဆောက်ပြီး နိုင်ငံတော်ယန္တရားကို လည်ပတ်ကြရပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲမှာ တိုင်းရင်းသားတွေ၊ ဒေသတွေနဲ့ နိုင်ငံအနှံ့ လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုတဲ့သူတွေ ဝင်ရောက်အရွေးချယ်ခံနိုင်ဖို့နဲ့ နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၂)တွင်ပြောကြားချက်များမှ ကောက်နုတ်ချက်)

၃၁-၇-၂၀၂၂

## စက်သုံးဆီအရောင်းဆိုင်များနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန် မြန်ဆန်စေရေး ဗဟိုကော်မတီအနေဖြင့် စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှတစ်ဆင့် ပြည်သူများစက်သုံးဆီ ဈေးနှုန်းမှန်ကန်စွာသုံးစွဲနိုင်ရေးနှင့် ပြည်တွင်းစက်သုံးဆီပြတ်လပ်မှု မရှိစေရေး တင်သွင်းဖြန့်ဖြူးခြင်းများ ကြိုးပမ်းစီမံဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ရာတွင် အချို့သောစက်သုံးဆီအရောင်းဆိုင်များသည် ရည်ရွယ်ချက်ရှိစွာ ပြည်သူများ စိုးရိမ်ကြောင့်ကြမှုဖြစ်ပေါ်စေရန်နှင့် စက်သုံးဆီ ဈေးနှုန်း ပြောင်းလဲမှုရှိလာနိုင်မည်ဟုယူဆပြီး မိမိအကျိုးစီးပွားကို မျှော်လင့်၍ စက်သုံးဆီပြတ်လပ်သည် (သို့မဟုတ်) စက်သုံးဆီလက်ကျန် နည်းပါးသည်ဟု ပြောဆိုကာ ရောင်းချမှုရပ်တန့်ခြင်း၊ အကန့်အသတ်ဖြင့် ရောင်းချခြင်းများ ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

၃။ ကော်မတီအနေဖြင့် စက်သုံးဆီများကို ၂၀၂၂ ခုနှစ် ဩဂုတ်လ၊ လကုန်ပိုင်းအထိ ပြည့်စုံလုံလောက်စွာ တင်သွင်းဖြန့်ဖြူးထားပြီး ဖြစ်ပါသည်။ ဆက်လက်၍ ပြည်သူများ စိုးရိမ်ကြောင့်ကြမှုကင်းစွာ သုံးစွဲနိုင်ရန် စက်သုံးဆီများ စဉ်ဆက်မပြတ် ဖြည့်တင်းရေးကိုလည်း မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းနှင့် ညှိနှိုင်းပေါင်းစပ်၍ စနစ်တကျစီမံဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

## MNL ပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်း နိုင်ပွဲဆက်

ရန်ကုန် ဩဂုတ် ၁၅

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၈) တတိယနေ့ကို ဩဂုတ် ၁၅ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်းက မဟာယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အား/ကာသိပ္ပံ အသင်းသည် ဒုတိယပိုင်းတွင် သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် နိုင်ပွဲဆက်ခဲ့ပြီး အဆင့် (၄) နေရာမှ ရွှေဝတီအသင်းနှင့် ရမှတ်တူ အဆင့် (၅) နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့



မဟာယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ယနေ့** ဖတ်စရာ

**အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ပါဝန်ပြည်နယ်၌ ရုတ်တရက်ရေကြီးမှုကြောင့် အနည်းဆုံး ၁၇ ဦးသေဆုံး**

စာမျက်နှာ - ၁၃

**ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်လျက်ရှိသည့် အကြမ်းဖက်သမားများနှင့် ဆက်သွယ်ချိတ်ဆက် ပူးပေါင်းပါဝင်သောတရားခံများအား ဖမ်းဆီးရမိ**

စာမျက်နှာ - ၁၆

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၁၅

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့